ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ တနင်္ဂနွေနေ့၊ (24-2-2008) (၅၆၀၃)

အရိယ သစ္စာန ဒဿနံ ဧတံ မင်္ဂလ မုတ္တမံ

မြတ်စွာဘုရား ဟောကြားတော်မူသော သစ္စာလေးပါးတရားတို့ကို သိမြင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လားရှိုးမြို့ရှိ ပြည်နယ်ပြည်သူ့ဆေးရုံနှင့် တပ်နယ်ဆေးရုံများသို့ အလှူငွေပေးအပ်ပွဲ တက်ရောက်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဖေဖော်ဝါရီ ၂၂ရက် နံနက် ၉နာရီခွဲတွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ် ပြည်သူ့ဆေးရုံကြီးနှင့် တပ်နယ်ဆေးရုံများအတွက် အလှူငွေ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ယခုအခါ ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၁၉၈၈ခုနှစ်နောက်ပိုင်း၌ စိုက်ပျိုးရေး ကဏ္ဍအနေဖြင့် စပါးတစ်ဧက ပျမ်းမျှတင်း ၁၅၀ မှ ၂၈၀ အထိ ထွက်ရှိနေသည်ကို တွေ့ရှိရ၍ ဒေသခံတောင်သူများသည် ဝင်ငွေများစွာ ရရှိနေပြီဖြစ်ကြောင်း၊ ထို့အပြင် ကြံမှတစ်ဆင့် ဓာတ်ဆီ အစားထိုး ဘိုင်အိုအီသနောနှင့် ဒီဇယ်အစားထိုး ဘိုင်အိုဒီဇယ် တို့ကိုလည်း ထုတ်ယူသုံးစွဲနေပြီဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက် သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကိုလည်း တစ်ဆင့်ပြီးတစ်ဆင့် ပြီးမြောက်သည်အထိ စေတနာထား ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပြည်သူများအနေဖြင့် သဒ္ဓါတရားထက်သန်စွာဖြင့် ဆေးရုံများအတွက် အလှူငွေများလှူဒါန်းခြင်းသည် မွန်မြတ်သည့် ဒါနတစ်ခုပင်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်နယ်ပြည်သူ့ဆေးရုံကြီးအတွက် အလှူရှင်များဖြစ်ကြသည့် ဦးမြ–ဒေါ်ကြူ သားသမီးမြေးတစ်စုက ငွေကျပ် ၅၂၈ သိန်း၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)က ငွေကျပ်သိန်း ၂၀၀၊ ကုမ္ပဏီများက ငွေကျပ်သိန်း ၂၂၀နှင့် ဒေသခံပြည်သူများနှင့် မြို့မိမြို့ဖများက ငွေကျပ် ၂၆၁ သိန်း၊ တပ်နယ်ဆေးရုံတို့အတွက် ဦးမြ–ဒေါ်ကြူ မိသားစုက ငွေကျပ် သိန်း ၂၀၀ စုစုပေါင်း ငွေကျပ် ၁၄၀၉ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း ဘိုင်အို အီသနော စက်ရုံမှထွက်ရှိသော ဘိုင်အိုအီသနောဖြင့် မီးစက်၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်နှင့် ကားများ မောင်းနှင်သရုပ်ပြမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ယနေ့ ဆောင်းပါးအညွှန်း

မီးခိုးမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနော့ဆိုဒ်၊ ဟိုက်ဒရိုဂျင် ဆိုင်ယာနိုက်ဖော့စ်ဂျင်းစတဲ့ အဆိပ်ဓာတ်ငွေ့တွေပါတယ်။ တစ်မိနစ်က နှစ်မိနစ်အတွင်း သေနိုင်တယ်။မီးခိုးတွေဟာ အပေါ်ကိုတက်ပြီးမှ အောက်ကိုပြန်ဆင်းတာမို့ မှောက်ချလိုက်ရင် အသက်ရှူချိန် နည်းနည်းပိုရတယ်။

မောင်မောင်ထွန်း၏ **"မီးဘေးအန္တရာယ်နှင့် နောက်ဆက်တွဲဖြစ်ရပ်များ"**

(ဆောင်းပါး) စာမျက်နှာ–၆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နောက်နှစ်ရက်အတွက် မိုးလေဝသ ခန့်မှန်းချက်

မြန်မာနိုင်ငံ မြောက်ပိုင်းစွန်းဒေသများတွင် နေရာကွက်ကျား မိုးရွာနိုင်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၄-၂-၂၀၀၈
(တနင်္ဂနွေနေ့)

စီးပွားဖြစ် ငါးမွေးမြူ ထုတ်လုပ်နိုင်ရေးကြိုးပမ်း

ကမ္ဘာ့လူဦးရေသည် နှစ်စဉ်တိုးတက်လျက်ရှိရာ သားငါးရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးအတွက် ပင်လယ်ငါးဖမ်းလုပ်ငန်းကို အလေးထား လုပ်ဆောင်လာခဲ့ကြသည်။ ယခုအခါ ကမ္ဘာ့ငါးဖမ်းဆီးထုတ်လုပ်နိုင်မှုပမာဏ နှစ်စဉ်လျော့နည်းလာသဖြင့် ငါးမွေးမြူရေးလုပ်ငန်းကို တိုးချဲ့လုပ်ကိုင်လျက်ရှိကြသည်။

အာရှဒေသတွင် အများအားဖြင့် ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးခေါင်းပွစသည့် အသီးအရွက်စားငါးများ၊ ကျောက်ငါး၊ ကကတစ်၊ ငါးတန်၊ ငါးခူစသည့် အသားစားငါးများနှင့် တီလားပီးယား၊ ရွှေဝါငါးကြင်း၊ ငါးခုံးမစသည့် အစုံစားငါးများအပြင် ရေချို၊ ရေငန်ပုစွန်၊ ကဏန်း၊ ခရုတို့ကို မွေးမြူထုတ်လုပ်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် ငါးမွေးမြူရေးကန်ပေါင်း ဧကနှစ်သိန်းကျော်ရှိသည့်အနက် ဧရာဝတီတိုင်း၌ ငါးမွေးမြူရေးကန် ၅၀ ရာခိုင်နှုန်းကျော်ရှိသည်။ ယခုအခါ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့ရှိ ငါးကန်များ၏ တစ်ဧကငါးထုတ်လုပ်နိုင်မှုမှာ ပိဿာ သုံးထောင်ကျော်ရှိကြောင်း သိရသည်။ ပြည်တွင်းစားသုံးမှု ဖူလုံရုံမျှမက ပိုလျှံသည့် ရေချိုငါးများကို ပြည်ပသို့ တင်ပို့လျက်ရှိသည်။

စီးပွားဖြစ် ငါးမွေးမြူရေးလုပ်ကိုင်ရာတွင် ငါးကန်နေရာရွေးချယ်မှု၊ ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် ငါးစာများ အရည်အသွေးကောင်းမွန်သန့်ရှင်းမှုရှိရန်တို့ကိုလည်း သတိပြုကြရမည်ဖြစ်သည်။

ငါးကန်တွင် ရောဂါမဖြစ်ပွားစေရေးအတွက် ငါးကန်များပေါ်၌ ကြက်ခြံ၊ ဝက်ခြံများတည်ဆောက်မွေးမြူခြင်း၊ မွေးမြူရေးကန်နှင့်ကန်ပေါင်အနီးအနားတွင် ဝက်ခြံ၊ အိမ်သာများထားရှိခြင်း၊ အညစ်အကြေးစွန့်ခြင်း၊ အမှိုက်သရိုက်များ စည်းကမ်းမဲ့စွန့်ပစ်ခြင်းတို့ကိုလည်း ရှောင်ရှားကြရမည်ဖြစ်သည်။

ထို့အပြင် နိုင်ငံတကာတွင် တားမြစ်ပိတ်ပင်ထားသည့် ပဋိဇီဝဆေးဝါးနှင့် တိရစ္ဆာန်ဆေးဝါးများကို မသုံးစွဲကြရန်နှင့် ခွင့်ပြုသည့်ဆေးဝါးများ သုံးစွဲတိုက်ကျွေးပါကလည်း ငါးကန်မဖော်မီ ၂၁ ရက်၌ ရပ်တန့်ကြရေး သတိပြုလိုက်နာကြရမည်ဖြစ်သည်။

ရေချို၊ ရေငန် ငါးပုစွန်မွေးမြူရေးသည် ဈေးကွက်ရှိပြီး အကျိုးစီးပွားဖြစ်ထွန်းနိုင်သည့် လုပ်ငန်းဖြစ်ရာ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်းရှင်များက ခေတ်မီနည်းစနစ်များအသုံးပြု၍ စနစ်တကျ ထိန်းသိမ်းမွေးမြူထုတ်လုပ်ကြခြင်းဖြင့် မြန်မာ့ငါးမွေးမြူရေးလုပ်ငန်း ပိုမိုအောင်မြင်ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။

ပြည်သူ့သဘောထား	
★	ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★	နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★	နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★	ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လုပ်ငန်းများ၏ အားနည်းချက် အားသာချက်များကို လေ့လာဖော်ထုတ် ဘဏ္ဍာနှစ်သစ်အတွက် လုပ်ငန်းအစီအမံများကို ကြိုတင်ပြင်ဆင်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်လှထွန်းသည် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနရှိ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အထက်အဆင့်အရာထမ်းများအား တွေ့ဆုံအမှာစကားပြောကြားရာ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့်အထက်အဆင့် အရာထမ်းများအား အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနမှ ဌာနခွဲတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူးနှင့် အထက်အဆင့်အရာထမ်းများက ဌာနခွဲအလိုက် လုပ်ငန်းတာဝန်များ၊ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်အတွက် ကြိုတင်ပြင်ဆင်ထားသည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြ ကြသည်။

ကြိုတင်ပြင်ဆင်

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်လှထွန်းက အမှာစကားပြောကြားရာတွင် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနသည် နိုင်ငံတော်၏ ဘဏ္ဍာရေးဆိုင်ရာ မူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အရေးပါသည့် ဌာနတစ်ခုဖြစ်သည်နှင့် အညီ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် ဥပဒေ၊ စည်းမျဉ်းလုပ်ထုံးလုပ်နည်းများနှင့် အညီဖြစ်ကြရန် အထူးလိုအပ်ကြောင်း၊ ၂၀၀၇-၂၀၀၈ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ခဲ့သည့် လုပ်ငန်းများ၏ အားနည်းချက်၊ အားသာချက်များကို လေ့လာဖော်ထုတ်ညှိနှိုင်းမှုများပြုလုပ်ပြီး ဘဏ္ဍာနှစ်သစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ထားသင့်သော လုပ်ငန်းအစီအမံများကို ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားကြရန် လိုအပ်ကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။
(သတင်းစဉ်)

သန်လျင်မြို့ အောင်ချမ်းသာရပ်ကွက်ရှိ မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက်ကြီးအတွင်း ဆောက်လုပ်လျက်ရှိသော ဇေယျာသုခမင်္ဂလာဗိမာန်နှစ်ထပ်ကျောင်းတော်ကြီး ဘက်စုံအတွက် ပန်းထိမ်ဆရာကြီး ဦးညွန့်တင်၊ဇနီး ဒေါ်စန်းတင် မိသားစု၊ ရန်ကုန်မြို့(၁၃၇)လမ်း၊ မအူကုန်းမှ မြို့ဦးစက်ပစ်ကွင်းကျောင်းတိုက်ကြီး၏ ပဓာနနာယက မြို့နယ်သံဃနာယက ဒုတိယဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ တေဇထံ အလှူငွေကျပ် ၁၀ သိန်း ဆက်ကပ်လှူဒါန်းစဉ်။
(က-ပ)

ဆကာကြီးအသင်း(ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ဆကာကြီးအသင်း (ရန်ကုန်)၏ (၃၇)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို မတ် ၉ ရက် နံနက် ၈ နာရီခွဲတွင် ကြည့်မြင်တိုင်မြို့နယ်၊ စလင်းကျောင်းတိုက် သုခဝါသဓမ္မရိပ်သာ၌ ကျင်းပမည်ဖြစ်သည်။

အသင်းဝင်များအားလုံးနှင့် ဆကာကြီး နယ်သူ၊ နယ်သားများ ကြွရောက်ကြပါရန်နှင့် သက်ကြီးပူဇော်ပွဲအတွက် အသက်(၈၀)နှစ်ပြည့်နှင့် အထက် အသင်းဝင်များ၊ အသင်းဝင်မိသားစုများ၊ တက္ကသိုလ်ပါရဂူဘွဲ့ရ ဆကာကြီး နယ်သူ၊ နယ်သားများ၏ အထောက်အထား မိတ္တူများနှင့် ၂၀၀၆-၂၀၀၇ ပညာသင်နှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့်အောင်မြင်ကြသော ဆကာကြီး နယ်သူ၊ နယ်သားများ၏ သားသမီးများ ရမှတ်အမှတ် စာရင်းများကို မတ် ၃ ရက် နောက်ဆုံးထား၍ ပေးပို့ကြရမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ဆက်သွယ် လှူဒါန်းလိုပါက ဦးအောင်ကြည် ဖုန်း-၂၉၁၁၆၉၊ ဦးကျော်မြင့် ဖုန်း-၅၁၈၁၃၂၂၊ ဦးခွေးလေး ဖုန်း-၂၂၂၅၆၁၊ ဦးအေးကြူ (ဆကာကြီးအေးကြူ) ဖုန်း-၅၀၁၄၈၄၊ ဦးစန်းလွင်(ဆကာကြီး) တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။
(က-ပ)

၂၀၀၆-၂၀၀၇ ပညာသင်နှစ် မြောက်ဥက္ကလာပမြို့နယ် အမှတ်(၃၂) အခြေခံပညာ မူလတန်းကျောင်း၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆု ပေးပွဲကို ဖေဖော်ဝါရီ ၁၆ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းနီက စတုတ္ထတန်း ဘာသာစုံထူးချွန်ဆုရ မနှင်းမြတ်သဇင်အား ဆုချီးမြှင့်စဉ်။
(ပညာရေး)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေး ကော်မတီ(ရွှေသိင်္ဂီ ရတနာမွှော်ရုံ၊ ၉၈၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်) သို့ ဖခင်ဦးစံရှိန်(စာရေးဆရာ ချင်းတွင်းငမောက်ကြီး)၊ မိခင် ဒေါ်ရီရီ၊ သားကြီး ကိုကိုလတ်(မျိုး) တို့ကိုရည်စူး၍ ၁၀၀၊ စက်တွင်းလမ်း၊အလုံမြို့နယ်နေ ဦးကျော်စိန်(လယ်စိုက်ရှင်း-ငြိမ်း)၊ စာရေးဆရာမကြီး ယုဝတီရွှေဝါစိန် မိသားစုက ငွေကျပ် တစ်သိန်းလှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။
(က-ပ)

မရမ်းကုန်းမြို့နယ် သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင်တောင်ဘက်စောင်းတန်းကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ်(၇)မိုင် ပြည်လမ်းနေ ကွယ်လွန်သူ ဦးအောင်သူ၊ ဒေါ်ကြင်အေး အားရည်စူး၍ ဒေါ်ခင်အေးအေးနိုင် မိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ ဂေါပကအဖွဲ့ဝင် ဦးအုန်းကြိုင် လက်ခံယူစဉ်။
(ကြေးမုံ)

ခရမ်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ခရမ်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည် အစည်းအဝေး၊ ပညာရည်ချွန် ဆုပေးပွဲနှင့် ထူးချွန်ပုဂ္ဂိုလ်များအား ဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီတွင် အင်းစိန်မြို့နယ်ရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပရာ အသင်း၏ ဦးဆောင်နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းနှင့် အသင်းဥက္ကဋ္ဌ ဦးသန်းလွင်တို့က အမှာစကား ပြောကြားကြပြီး အသင်းအတွင်းရေးမှူး ဦးအေးလွင်က နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားသည်။

ထို့နောက် နိုင်ငံတော်က ချီးမြှင့်သည့် ဂုဏ်ထူးဘွဲ့ထူးရ ပုဂ္ဂိုလ်များ၊ စာပေ၊ ဂီတ၊ ရုပ်ရှင်၊ သဘင်တို့မှ ဆုရပုဂ္ဂိုလ်များနှင့် ၂၀၀၆-၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား၊ ကျောင်းသူများအား အသင်း၏ ဦးဆောင်နာယက ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

အသင်းကချီးမြှင့်သော ပညာရည်ချွန်ကျောင်းသား၊ ကျောင်းသူများတွင် ခြောက်ဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ ငါးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ လေးဘာသာ ဂုဏ်ထူးရှင် သုံးဦး၊ သုံးဘာသာ ဂုဏ်ထူးရှင် နှစ်ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရှင် ငါးဦး၊ တစ်ဘာသာ ဂုဏ်ထူးရှင် ၂၄ ဦး စုစုပေါင်း ၃၉ ဦးရှိပြီး ဂုဏ်ပြုခံပုဂ္ဂိုလ်များတွင် နိုင်ငံတော်က ချီးမြှင့်သည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ရ လူပုဂ္ဂိုလ်များ၊ လူမှုထူးချွန်ဆုရသူများ၊ စာပေ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်နှင့် အားကစားဘက်တို့တွင် ထူးချွန်ဆုရရှိသူများပါဝင်ကြသည်။ (သတင်းစဉ်)

ခရမ်းမြို့နယ်အသင်း(ရန်ကုန်)၏ ဦးဆောင်နာယက မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ပညာရည်ချွန်ဆုရရှိသော ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

၂၀၀၇ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုနှင့် ပညာရည်ချွန်ဆု ဆုချီးမြှင့်ပွဲတက်ရောက်ရေး နှိုးဆော်

နေပြည်တော် ဖေဖော်ဝါရီ ၂၃

၂၀၀၇ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၁ ရက်(စနေနေ့) နံနက် ၉ နာရီတွင် ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပမည်ဖြစ်ပြီး အစမ်းလေ့ကျင့်ပွဲကို ဖေဖော်ဝါရီ ၂၉ ရက် (သောကြာနေ့) ည ၇နာရီတွင် အဆိုပါခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်ထား

အခမ်းအနား ကျင်းပမည့် ပခုက္ကူမြို့သို့ ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် (၅၂၉-၅၃၁)၊ စာပေဗိမာန် စုရပ်မှ ဖေဖော်ဝါရီ ၂၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၈နာရီတွင် မော်တော်ယာဉ်ဖြင့် ထွက်ခွာမည်ဖြစ်ရာ ရန်ကုန်မှ လိုက်ပါမည့် စာပေဆုရ ပုဂ္ဂိုလ်များနှင့် ယဉ်ကျေးမှုတက္ကသိုလ် ပညာသင်ဆုရသူများသည် စာပေဗိမာန်သို့ ဖေဖော်ဝါရီ ၂၇ရက် နံနက် ၇ နာရီ နောက်ဆုံးထား၍ လူကိုယ်တိုင် သတင်းပို့ရန် နှိုးဆော်ထားသည်။ စာပေဆုရသူများသည် စာပေဗိမာန် စာတည်းမှူးချုပ်၊ ဖုန်း- ၀၁-၂၄၀၀၄၈ နှင့် ၃၈၁၄၄၉ တို့သို့လည်းကောင်း၊ ပညာရည်ချွန်ဆုရရှိသူများသည် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဖုန်း- ၀၁-၅၄၈၅၄၀နှင့် ၅၄၁၂၈၃ တို့သို့ ကြိုတင်သတင်းပို့နိုင်ပြီး မိမိအစီအစဉ်ဖြင့် တက်ရောက်မည့် ဆုရသူများသည် ပခုက္ကူမြို့သို့ ဖေဖော်ဝါရီ ၂၉ ရက် နောက်ဆုံးထား၍ အရောက်လာကြရန် နှိုးဆော်ထားသည်။

၂၀၀၈ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲဝင် စာမူများ လက်ခံနေပြီဖြစ်ရာ ကဗျာပေါင်းချုပ်၊ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေအမျိုးအစား ငါးရပ်အတွက် စက်တင်ဘာ ၃၀ ရက်အထိ ပေးပို့ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပေးပို့မှာကြားနိုင်

ပြိုင်ပွဲဝင်ပုံစံနှင့် စည်းကမ်းချက်များကို ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ ၅၂၉-၅၃၁၊ ကုန်သည်လမ်း စာပေဗိမာန်တွင် ဝယ်ယူနိုင်ပြီး နယ်မှ စာမူတင်သွင်းလိုသူများသည် တံဆိပ်ခေါင်းဖိုး ငွေကျပ် ၁၀၀ ပေးပို့မှာကြားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမက(၆) တာမွေ ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက်က ကျင်းပရာ စာပေဘာသာရပ် ဘက်စုံနှင့် စံပြဆုရကျောင်းသား မောင်ရဲကျော်သူနှင့် ကျောင်းသူ မကြည်ဇာမောင်မောင်တို့အား ကျောင်းအကျိုးတော်ဆောင် ဥက္ကဋ္ဌ ကျောက်မြောင်းကြီး ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးမြင့် ဆုချီးမြှင့်စဉ်။ (ပညာရေး)

သုဝဏ္ဏ မဟာသရဏဂုံ ဓမ္မဗိမာန် ဘုံဆင့်ဆောက်လုပ်ရေး အလှူငွေများ လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏ (၂၅)ရပ်ကွက် စိန်ပန်းမြိုင်လမ်းရှိ သုဝဏ္ဏ မဟာသရဏဂုံ ဓမ္မဗိမာန်တွင် ဘုံဆင့်နှင့် ရေအိမ်သစ် ဆောက်လုပ်ရေး လုပ်ငန်းများအတွက် အလှူငွေများ လှူဒါန်းလျက်ရှိရာ ဗိုလ်မှူးဘဝင်း(ငြိမ်း) ဒေါ်ခင်အေးအေးမြင့် မိသားစု(စုပေါင်း)က ငွေကျပ် သုံးသိန်း၊ ဦးမြင့်အောင်-ဒေါ်တင်တင်ဝင်း ညီမ ဒေါ်ကြည်ကြည်ဝင်း မိသားစုက ထီးတော်၊ ဦးကိုကိုခိုင်-ဒေါ်ဖြူဖြူမော်သား မောင်မျိုးမြင့်ခိုင် မိသားစုက ငွေကျပ် တစ်သိန်း၊ ရေအိမ်သစ် ဆောက်လုပ်ရေးအတွက် ဦးမိုးဦး-ဒေါ်နွယ်ခိုင်ဦး (ကျောက်မြောင်း)က ငွေကျပ် သုံးသိန်း၊ ဦးလှမြင့်-ဒေါ်စော၊ ဦးမြင့်စိုး-ဒေါ်ရီ၊ ဦးသန်းဆွေ-ဒေါ်ယဉ်ဆင့်၊ ဦးအောင်မောင်-ဒေါ်မာမာ၊ ကိုဇော်ဇော်အောင်-မဥမ္မာမြင့်၊ ဦးတင်မောင်ဆွေ-ဒေါ်ကြည်ကြည်ဝင်း (ကြည့်မြင်တိုင်)၊ ဒေါ်ကြင်ဟုန် မိသားစု (ဗိုလ်ချုပ်ဈေး)တို့က ငွေကျပ် တစ်သိန်းစီနှင့် ဦးဌေးအောင်-ဒေါ်နှင်းဥမ္မာဦးတို့က ငွေကျပ် ငါးသောင်းကို လာရောက်လှူဒါန်းကြသည်။

အလှူရှင်များ လှူဒါန်းလိုပါက ဖုန်း- ၅၇၀၁၅၁၊ ၅၇၀၆၈၆၊ ၀၉-၅၁၇၆၁၁၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

နိုင်ငံတော်အစိုးရ ဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ် လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန် လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၈ခုနှစ် ဖေဖော်ဝါရီလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့)

(၂၄-၂-၂၀၀၈) ရက်နေ့

၂၀၀၈ ခုနှစ် မတ်လအတွက်

(၉-၃-၂၀၀၈) ရက်နေ့နှင့်

(၃၀-၃-၂၀၀၈) ရက်နေ့

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး ကျန်းမာရေးအတွက် သန့်လေးသန့် ပညာပေး သီချင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ကြီးမှူး၍ ရေသန့်ရှင်းခြင်း၊ အစာ သန့်ရှင်းခြင်း၊ လက် သန့်ရှင်းခြင်း၊ အိမ်သာ သန့်ရှင်းခြင်း ဟူသော **“သန့်လေးသန့်”**ကို အခြေပြု၍ တစ်သန့်လျှင် တစ်မျိုးစီဖြင့် ပညာပေးသီချင်းပြိုင်ပွဲ ကျင်းပမည်ဖြစ်ပြီး သီချင်းတစ်ပုဒ်လျှင် “တစ်သန့်”ကိုသာ ရည်ညွှန်းရေးသားရမည် ဖြစ်သည်။

စုစုပေါင်း သီချင်း ၁၂ ပုဒ် (အစာသန့် သုံးပုဒ်၊ ရေသန့် သုံးပုဒ်၊ လက်သန့် သုံးပုဒ်၊ အိမ်သာသန့် သုံးပုဒ်)တို့ကို ရွေးချယ်မည်ဖြစ်ပြီး ဆုရ တေးရေးဆရာများကို မတ် ၉ရက် (တနင်္ဂနွေနေ့)တွင် ဆုချီးမြှင့်မည်ဖြစ်သည်။ ပ၊ ဒု၊ တ မရှိဘဲ တစ်သန့်ချင်းစီမှ အကောင်းဆုံး သုံးပုဒ်စီ ရွေးချယ်ပြီး Trophy နှင့် ငွေကျပ် တစ်သိန်းစီ ဆုချီးမြှင့်မည်ဖြစ်သည်။

မည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင်ရာတွင် ထည့်သွင်းရေးသားရမည့် **“သန့်လေးသန့်”**နှင့် ပတ်သက်သော အခြေခံအချက်အလက်များကို မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး သန့်လေးသန့်ရုံးခန်းတွင် လာရောက်ကြည့်ရှုနိုင်သည်။

ဆက်သွယ်ရန်လိပ်စာမှာ သန့်လေးသန့်ရုံးခန်း၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး အမှတ် (၁၆) ဝက်ပါလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ဖြစ်ကြောင်းနှင့် ပြိုင်ပွဲပိတ်ရက်မှာ မတ် ၃ရက် (တနင်္လာနေ့)ဖြစ်ကြောင်း၊ အသေးစိတ် သိရှိလိုပါက ဖုန်း- ၀၁-၅၄၄၂၇၀နှင့် ၀၁-၅၄၄၂၇၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM	
၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	“မီးသတိပြုကြပါ”တရားတော် (ဆရာတော် အရှင်ပုညာနန္ဒ)
၈း၁၀-၂း၁၀	Soccer Update
၈း၂၅-၂း၂၅	Sunday Talk [ဒုတိယရဲမှူးကြီးအောင်နိုင်(ရန်ကုန်တိုင်း ကြီးမဲ့ကြေးနန်းနှင့်ယာဉ်ထိန်းတပ်ဖွဲ့)၊ ဦးအောင်မြင့် (ညွှန်ကြားရေးမှူး၊ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)၊ ကိုကို(စက်မှုတက္ကသိုလ်)]
၉း၂၀-၃း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀-၃း၃၀	အရဏ်ဦးမှာကြည်ညိုပူဇော် မန္တလေးမဟာမုနိရုပ်ရှင်တော်
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	တေးဂီတအစီအစဉ်
၉း၅၅-၃း၅၅	များများသယ် မြန်မြန်ပို့ ပြည်သူတွေစိတ်ချမ်းသာဖို့
၁၀း၁၀-၄း၁၀	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	မိုးလေဝသခန့်မှန်းချက်
၁၀း၂၅-၄း၂၅	ပွင့်သောပန်းတိုင်းလန်းစေချင်သည်
၁၀း၄၀-၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀-၄း၅၀	တေးဂီတအစီအစဉ်
၁၀း၅၅-၄း၅၅	Euro Goals
၁၁း၁၅-၅း၁၅	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၂၀-၅း၂၀	တေးဂီတအစီအစဉ်
၁၁း၂၅-၅း၂၅	သဘာဝအစားအစာများ ‘ရှားစောင်းလက်ပပ်ယိုနှင့်ဖျော်ရည်’
၁၁း၅၅-၅း၅၅	လွင်မိုးခရီးသွားနေသည်(အပိုင်း-၅)
၁၂း၂၅-၆း၂၅	တေးဂီတအစီအစဉ်
၁၂း၃၀-၆း၃၀	နိုင်ငံတကာအနုပညာရေးရာ
၁၂း၅၀-၆း၅၀	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆း၅၅	Reading-Aston Villa	ESPN(Live)
၉း၂၅	Blackburn-Bolton	ESPN(Live)

Series A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Roma-Fiorentina	5-Cartoon(Live)
၂း၀၀	AC Milan-Palermo	5-Cartoon(Live)

မရမ်းကုန်းမြို့နယ် အမက(၁၇) ကျောင်းခန်းမ၌ ဖေဖော်ဝါရီ ၁၇ ရက်က ကျင်းပသော ဘက်စုံပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားတွင် စတုတ္ထတန်း မြို့နယ်အဆင့်ဘက်စုံထူးချွန်၊ စာပေဘာသာရပ်ထူးချွန်၊ ကျောင်းလုပ်ငန်းထူးချွန်၊ ပထမဆုသုံးဆု ရရှိသူ မရီသူအောင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီစိုး ဆုများချီးမြှင့်စဉ်။ (ပညာရေး)

အီရတ်ရှိ ကာ့ဒ်သူပုန်စခန်းများအား တူရကီစစ်တပ်က အမြောက်များဖြင့် ပစ်ခတ်

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၃

တူရကီစစ်တပ်က အီရတ်နိုင်ငံ မြောက်ပိုင်းရှိ ကာ့ဒ်သူပုန်စခန်းများကို အမြောက်များဖြင့် ကြာသပတေးနေ့က ပစ်ခတ်ခဲ့ကြောင်း အီရတ်လုံခြုံရေး တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

တူရကီက အီရတ်နှင့် ထိစပ်နေသည့် နယ်စပ်တစ်လျှောက်တွင် တပ်ဖွဲ့ဝင်များ ထောင်ချီ၍ စုပြုံဖြန့်ကျက်ထားသည်။

တူရကီစစ်တပ်က နယ်စပ်ဖြတ်ကျော်ပြီး မကြာခဏ တိုက်ခိုက်ခဲ့သည်။

ထို့အပြင် မတရားသင်း ကြေညာခံထားရသည့်ကာဒစ်စတန်အလုပ်သမားပါတီ(ပီကေကေ)သူပုန်စခန်းများကို လေကြောင်းမှ ဗုံးကြဲတိုက်ခိုက်မှုများလည်း ပြုလုပ်ခဲ့ကြောင်း အီရတ်ရှိ ကာဒစ်စတန် အထူးအုပ်ချုပ်ခွင့်ဒေသမှ ပက်ရှ်မာဂါလုံခြုံရေးတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဂျက်ဘာယာဝါက ပြောကြားသည်။

ထိမှန်

တူရကီစစ်တပ်က ပစ်ခတ်သည့် အမြောက်ဆန်များသည်ဝေးလံခေါင်သီပြီး တောင်တန်းထူထပ်ရာ ဟာကွက်ဒေသသို့ ထိမှန်သည်ဟု ဆိုသည်။

သို့ရာတွင် နယ်စပ်စောင့်တပ်ဖွဲ့မှ တာဝန်ရှိ ပုဂ္ဂိုလ်တစ်ဦးကမူ အမြောက်ပစ်ခတ်မှုနှင့် ပတ်သက်၍ မသိရှိရကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

နီပေါစစ်ရဟတ်ယာဉ် ဝေရက်တောင်ဒေသ၌ ပျက်ကျ

ခတ္တမန္ဒူ ဖေဖော်ဝါရီ ၂၃

နီပေါနိုင်ငံ ဝေရက်တောင်ဒေသတွင် ဖေဖော်ဝါရီ ၂၀ ရက် နံနက်ပိုင်းက စစ်ဆင်ရေးပြုလုပ်စဉ် ကူညီရန် သွားရောက်သောနီပေါစစ်ဘက်ရဟတ်ယာဉ် တစ်စင်း ပျက်ကျမှုဖြစ်ပွားခဲ့သည်။

ဝေရက်တောင်ဒေသ အခြေစိုက်စခန်းအနီးရှိ ကာလာပါသာဒေသတွင် "ချီတာ" အမျိုးအစား ရဟတ်ယာဉ် ငယ်ပျက်ကျခြင်းဖြစ်သည်ဟုနီပေါနိုင်ငံ မြို့တော် ခတ္တမန္ဒူရှိ စစ်ဌာနချုပ်က ပြောကြားသည်။

ချီတာရဟတ်ယာဉ်သည်အိန္ဒိယနိုင်ငံတွင် ထုတ်လုပ်သည့် အသေးစားရဟတ်ယာဉ်ဖြစ်သည်။

အဆိုပါ ရဟတ်ယာဉ် ပျက်ကျမှုကြောင့် လေယာဉ်အမှုထမ်း နှစ်ဦးစလုံး ဒဏ်ရာအနည်းငယ်စီ ရရှိကြသည်။ ရဟတ်ယာဉ် ပျက်ကျရသည့်အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းရှိ ဘိန်းစိုက်ခင်းအတွင်း၌ ပေါင်းသင်နေသော တောင်သူတစ်ဦးကို ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နိုင်ငံ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဘိန်းစိုက်ပျိုးထုတ်လုပ်မှုကြောင့် အဟန့်အတားဖြစ်

ဝါရှင်တန် ဖေဖော်ဝါရီ ၂၃

အာဖဂန်တောင်သူများသည် ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှ ၂၀၀၇ ခုနှစ်က အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ရရှိသည်။ ဝင်ငွေပိုကောင်းလာသော်လည်း တစ်ဖက်တွင်ဘိန်းကြောင့်သောင်းကျန်းမှုများ ပိုမိုအားကောင်းလာသဖြင့် နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုအတွက် အဟန့်အတား ဖြစ်လျက်ရှိကြောင်း နိုင်ငံတကာ ငွေကြေးရန်ပုံငွေအဖွဲ့ (အိုင်အမ်အက်ဖ်)က ဖေဖော်ဝါရီ ၂၀ ရက်တွင် ပြောကြားသည်။ အာဖဂန်နိုင်ငံ၏ နှစ်စဉ် စီးပွားရေးပြန်လည်သုံးသပ်ချက်အရ အာဖဂန်နစ္စတန်၌ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုမှာ ၂၀၀၁ခုနှစ်က ၁၈၅ တန်မှ ၂၀၀၇ ခုနှစ်တွင် တန် ၈၂၀၀ အထိ တဖြည်းဖြည်း တိုးမြင့်ထုတ်လာကြောင်း၊ နိုင်ငံတွင်း၌ ဝင်ငွေအများဆုံးရရှိသည့် သီးနှံဖြစ်ကြောင်းအိုင်အမ်အက်ဖ်ကဖော်ပြသည်။

နိုင်ငံ၏လုံခြုံရေး မတည်မငြိမ်ဖြစ်မှုနှင့် မူးယစ်ဆေးဝါးစိုက်ပျိုးထုတ်လုပ်မှုတို့သည် အာဖဂန်နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက်အားထုတ်ကြိုးပမ်းရာတွင် အင်အားလျော့ပါးစေသော အကြောင်းရင်းများဖြစ်ကြောင်း အိုင်အမ်အက်ဖ်က ပြောကြားသည်။

မူးယစ်ဆေးဝါး ထုတ်လုပ်မှုသည် အာဖဂန်တွင် အဓိက ဘဝရပ်တည်ရေး လုပ်ငန်း ဖြစ်လျက်ရှိသည်။

တာလီဘန်များပြုတ်ကျသွားပြီးနောက် ခြောက်နှစ်တာကာလအတွင်း ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျော့ကျသွားရန် ကြိုးပမ်းခဲ့သည်။ သို့သော် အာဖဂန်နစ္စတန်၏ ဘိန်းစိုက်ပျိုးထုတ်လုပ်မှုသည် ၁၉၉၅ ခုနှစ်တွင် ကမ္ဘာ့ဘိန်းထုတ်လုပ်မှု ပမာဏ၏ ၅၂ ရာခိုင်နှုန်းရှိရာမှ ၂၀၀၇ ခုနှစ်တွင်၉၃ ရာခိုင်နှုန်း အချိုးအစားအထိ မြင့်တက်လာခဲ့သည်။ ထို့အပြင် ကမ္ဘာတွင် ဘိန်းအများဆုံး ထုတ်လုပ်သော နိုင်ငံအဆင့်သို့ ရောက်ရှိလာသည်ဟု အစီရင်ခံစာတင်ပြထားသည်။

အမ်အင်အေ၊ရိုက်တာ။

ကိုလံဘီယာနိုင်ငံတွင် မှောင်ခိုထုတ်စဉ် ဖမ်းဆီးရမိသည့် ရှားပါးလိပ်ငယ်များအား ဖေဖော်ဝါရီ ၂၁ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နှင်းမုန်တိုင်းဒဏ်ခံရသည့် ဒေသသို့ တရုတ်တပ်မတော်က ယွမ်ငွေ ၁၀ သန်းပေးလှူ

ချန်ဒူး ဖေဖော်ဝါရီ ၂၃

တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်(ပီအယ်လ်အေ)အောက်ရှိ အထွေထွေလက်နက်တပ်ဆင်ရေးဌာနက အနောက်တောင်ပိုင်းဒေသရှိ စီချွမ်ပြည်နယ်မှ ဆီးနှင်းမုန်တိုင်း သဘာဝဘေးအန္တရာယ်ဒဏ်ခံရသူများအတွက် ယွမ်ငွေ ၁၀ သန်း(အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ သန်း) လှူဒါန်းခဲ့ကြောင်း ဆင်ဟွာသတင်း အရသိရှိရသည်။ အဆိုပါ ရန်ပုံငွေများကို ပြည်နယ်ပြည်သူ့ရေးရာဌာနမှတစ်ဆင့် လူဖူနှင့် ယီဘင်မြို့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ လန်ရှန်ဒေသသို့ ပေးအပ်သွားမည်ဟု ပီအယ်လ်အေနိုင်ငံရေးဌာန ဒုတိယညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဟောင်ကျန်ချန်က ပြောကြားသည်။

ပီအယ်လ်အေအရာရှိများနှင့် တပ်ဖွဲ့ဝင်များသည် နှင်းမုန်တိုင်း တိုက်ခတ်သည့် ဘေးအန္တရာယ်ကို ရင်ဆိုင်ဖြေရှင်းခဲ့ကြောင်း၊ ယင်းငွေများသည် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများနှင့် ဘေးဒဏ်ခံစားရသည့် ဒေသခံများ၏ သက်သာချောင်ချိရေးအတွက် အထောက်အကူဖြစ်မည်ဟု မျှော်လင့်ကြောင်း ဟောင်ကျန်ချန်က ရန်ပုံငွေပေးအပ်သည့် အခမ်းအနားတွင် ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ကန်ရဟတ်ယာဉ် ပစ်ခတ်မှုကြောင့် အီရတ်နိုင်ငံသား သုံးဦးသေဆုံး

တီကရစ်(အီရတ်) ဖေဖော်ဝါရီ ၂၃

အီရတ်နိုင်ငံ ဆာလာဟူဒင်ပြည်နယ်တွင် ဖေဖော်ဝါရီ ၁၉ ရက်က အမေရိကန်ရဟတ်ယာဉ်မှ ပစ်ခတ်မှုကြောင့် အီရတ်နိုင်ငံသားသုံးဦးသေဆုံးကြောင်း၊ သီးခြားတိုက်ခိုက်မှုများတွင်လည်း အီရတ်တပ်ဖွဲ့ဝင်ခုနစ်ဦး ဒဏ်ရာရရှိကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အရပ်သားများကို သောင်းကျန်းသူများ ဖုံးထောင်နေသည်ဟု ယူဆကာ အမေရိကန်ရဟတ်ယာဉ်က ပစ်ခတ်မှုကြောင့် အရပ်သား သုံးဦးသေဆုံးကြောင်း၊ ၎င်းတို့သည် ဘဂ္ဂဒက်မြို့ မြောက်ပိုင်း ကီလိုမီတာ ၆၀ အကွာ အလ်ဒူဂျေမြို့အနီး အထင်ကရလမ်းမကြီး၌ ပစ်ခတ်ခံရခြင်း ဖြစ်ကြောင်း၊ အဆိုပါလမ်းတွင် သောင်းကျန်းသူများက အမေရိကန်နှင့် အီရတ်လုံခြုံရေး တပ်ဖွဲ့များကို ဖုံးထောင်လေ့ရှိကြောင်း အမည်မဖော်လိုသူတစ်ဦး၏ ပြောကြားချက်ကို ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။ အဆိုပါ ပစ်ခတ်မှုနှင့် ပတ်သက်၍ ယခုချိန်အထိ စစ်ဘက်ဆိုင်ရာက အတည် မပြုသေးဘဲရှိသည်။

ဘဂ္ဂဒက်မြို့မြောက်ပိုင်း ကီလိုမီတာ ၁၇၀ အကွာ တီကရစ်မြို့အလယ်ပိုင်းတွင် အီရတ်တပ်ဖွဲ့ယာဉ်အနီး၌ လမ်းဘေးဗုံးပေါက်ကွဲခဲ့ရာ တပ်ဖွဲ့ဝင် လေးဦး ဒဏ်ရာရရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ထိုစစ်ဘက်ယာဉ်မှာ ပေါက်ကွဲမှုကြောင့် ပျက်စီးခဲ့ကြောင်း၎င်းကထပ်မံပြောကြားသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အမေရိကန်၌ ယာဉ်တိုက်မှုဖြစ် လေးဦးသေဆုံး ၁၄ ဦး ဒဏ်ရာရရှိ

ဝါရှင်တန် ဖေဖော်ဝါရီ ၂၃

အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်း မင်နီဆိုတာပြည်နယ်တွင် ဖေဖော်ဝါရီ ၁၉ရက်က ကျောင်းကားနှင့် အခြားကားများတိုက်မိရာ ၁၄ဦးထက်မနည်း ဒဏ်ရာရရှိပြီး ကျောင်းသားလေးဦး သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ကော်တဝန်ဝုဒ်ဒေသမြောက်ပိုင်း အဝေးပြေးလမ်းမပေါ်တွင် နေ့လယ်ပိုင်းက ကျောင်းကားနှင့် ပစ်ကပ်ကား တိုက်မိပြီးနောက် ကျောင်းကား တိမ်းမှောက်ခဲ့သည်။

အခင်းဖြစ်ပွားချိန်၌ ကျောင်းကားသည် ပုံမှန်လမ်းကြောင်းတွင် မောင်းနှင်လျက်ရှိကြောင်း၊ ယင်းဘတ်စ်ကားပေါ်တွင် ကျောင်းသား ၂၈ဦးနှင့် ယာဉ်မောင်းတစ်ဦးလိုက်ပါလာကြောင်း မင်နီဆိုတာပြည်နယ် ပြည်သူ့ဘေးအန္တရာယ် လုံခြုံရေးဌာန ပြောရေးဆိုခွင့်ရှိသူ ခရစ်စတင်ကူးဂါက သတင်းထောက်များကို ပြောကြားသည်။ ဒဏ်ရာရရှိသည့်ကျောင်းသားများကို ဆေးရုံသို့တင်ပို့ခဲ့ကြောင်း နှစ်ဦး၏ အခြေအနေမှာ စိုးရိမ်ရဖွယ်ရှိကြောင်း ဆေးရုံတာဝန်ခံက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စင်ကာပူနိုင်ငံ၌ ပြုလုပ်သည့် လေကြောင်းပြပွဲတွင် ပြသထားသော အေ-၃၈၀ ဂျမ်ဘိုအဲဘတ်စ် လေယာဉ်ကို ဖေဖော်ဝါရီ ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အာဖဂန်နစ္စတန်တောင်ပိုင်း၌ နေတိုးတပ်ဖွဲ့ဝင်သေဆုံး

ကဘူးလ် ဖေဖော်ဝါရီ ၂၃

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်းတွင် ဖေဖော်ဝါရီ ၂၁ ရက်က နေတိုးဦးဆောင်သော နိုင်ငံတကာ လုံခြုံရေး ထောက်ကူပြုတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်)က ကင်းလှည့်စဉ် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ နေတိုးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး တစ်ဦးဒဏ်ရာရရှိကြောင်း စစ်ဘက်သတင်းက ဖော်ပြသည်။

အိုင်အက်စ်အေအက်ဖ်၏ မူဝါဒအရ သေကျေဒဏ်ရာရရှိသည့် နိုင်ငံသားအမည်ကို ဖော်ပြခြင်း မရှိချေ။ ဒဏ်ရာရရှိသည့်တပ်ဖွဲ့ဝင်မှာစိုးရိမ်ရသောအခြေအနေမရှိကြောင်း သတင်းက ထည့်သွင်းဖော်ပြသည်။***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror နိုင်ငံတကာရေးရာသတင်းများ

ဗင်နီဇွဲလားတွင် လေယာဉ်ပျက်ကျ လိုက်ပါလာသူ ၄၆ ဦးစလုံး သေဆုံး

ဗင်နီဇွဲလားနိုင်ငံ အင်ဒီစ်ဒေသ၌ ပျက်ကျသွားသည့် လေယာဉ်ရှိရာ နေရာသို့ ကယ်ဆယ်ရေး သွားရောက်မည့် ရဟတ်ယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၂၂ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကာရာကတ်စ် ဖေဖော်ဝါရီ ၂၃

ဗင်နီဇွဲလားနိုင်ငံ အင်ဒီစ်ဒေသတွင် စန်တာဘာဘရာလေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ဖေဖော်ဝါရီ ၂၁ ရက်က ပျက်ကျရာလေယာဉ်ပေါ်၌ လိုက်ပါလာသူ ၄၆ဦးစလုံး သေဆုံးသွားကြောင်း အမျိုးသားကာကွယ်ရေးဌာနက သောကြာနေ့တွင် ပြောကြားသည်။

လေယာဉ်သည် နိုင်ငံအနောက်ပိုင်း မာရီဒါပြည်နယ်ကာနာဗာလီလေဆိပ်မှ ၁၀ ကီလိုမီတာအကွာရှိ ပေ ၁၂၀၀၀ မြင့်သည့် တောင်နှင့်တိုက်မိကာ ပျက်ကျသွားခြင်းဖြစ်သည်။ လေယာဉ်ပေါ်တွင် ခရီးသည် ၄၃ဦးနှင့် လေယာဉ်အဖွဲ့သား သုံးဦးတို့ လိုက်ပါသွားကြောင်း အမျိုးသားကာကွယ်ရေးဌာနမှ ညွှန်ကြားရေးမှူး အန်တိုနီယိုရာဗီရိုက ပြောကြားသည်။

ဝိုင်ဗ္ဗီ ၁၉၄၉ အမှတ်အသားပါသော လေယာဉ်သည် ကာနာဗာလီလေဆိပ်မှ ကာရာကတ်စ်မြို့ ဆီမွန်ဗော်လီဗာလေဆိပ်သို့ ပျံသန်းနေစဉ်ပျက်ကျခြင်းဖြစ်သည်။

ကနဦးလေ့လာစုံစမ်းမှုများအရ လေယာဉ်ပျက်ကျချိန်တွင် ရာသီဥတုအခြေအနေမှာ ကောင်းမွန်နေကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ။**

အမေရိကန်၏ ဒုံးခွင်းဒုံးစနစ်ချထားရေးကိစ္စ ရုရှားက သတိပေးပြောကြား

မော်စကို ဖေဖော်ဝါရီ ၂၃

အကယ်၍ အမေရိကန်နိုင်ငံအနေဖြင့် တိုက်ချင်းပစ်ဒုံးကျည်ကာကွယ်ရေးစနစ်ကို အရှေ့ဥရောပဒေသ၌ ချထားမည်ဆိုပါက ရုရှားနိုင်ငံသည် ယင်း၏ စစ်ရေးမဟာဗျူဟာကို ပြန်လည်ပြင်ဆင်မှုပြုလုပ်ရမည်ဖြစ်သည်ဟု ရုရှားကာကွယ်ရေးဝန်ကြီး အနာတိုလီဆာဒူကော့ဗ်က ဖေဖော်ဝါရီ ၂၁ရက်တွင် ပြောကြားသည်။

အမေရိကန်တို့၏ ဒုံးကျည်ကာကွယ်ရေးစနစ်သာ အရှေ့ဥရောပဒေသ၌ ချထားမည်ဆိုလျှင် ဒေသတွင်းတင်းမာမှုကို ဖြစ်ပေါ်လာစေမည်။ ထို့ပြင်ကမ္ဘာ့စစ်ရေး ချိန်ခွင်လျှာညီမျှမှု အနေအထားကိုလည်း ပျက်ပြားစေနိုင်ကြောင်း ဆာဒူကော့ဗ်က မော်စကော့ဗ် စကားယားကွန်ဆိုမိုလက်သတင်းစာပါ ဆောင်းပါးတွင် ရေးသားတင်ပြသည်။

ယင်းသို့လုပ်ဆောင်ခြင်းသည် ရုရှားနိုင်ငံ၏ လုံခြုံရေးကိုလည်း ထိပါးခြင်းပင်ဖြစ်သည်ဟု ၎င်းက ဆက်လက် တင်ပြသည်။

ထိုသို့သော အခြေအနေများကြောင့် ရုရှားနိုင်ငံ၏ ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် စစ်ရေးအသင့်ရှိမှု အနေအထားကိုမြှင့်တင်ထားရမည့်အပြင် မဟာဗျူဟာမြောက် နျူကလီးယားတပ်ဖွဲ့ ဖွံ့ဖြိုးမှုကိုလည်း ဆောင်ရွက်သွားရန် လိုအပ်မည်ဟုဆိုသည်။

ရုရှားနိုင်ငံအနေဖြင့် မဟာဗျူဟာဗုံးကြဲလေယာဉ်များကို အတ္တလန္တိတ်၊ ပစိဖိတ် နှင့် အာတိတ်သမုဒ္ဒရာဒေသများတွင် ကင်းလှည့်ပျံသန်းခြင်းသည် ပုံမှန်ပုံရိုးပုံစဉ် လုပ်ဆောင်မှုသာဖြစ်သည်။ မည်သည့်နိုင်ငံကိုမျှ ရည်ရွယ်၍ခြိမ်းခြောက်ခြင်း၊ အင်အားပြခြင်း ပြုလုပ်နေခြင်းမဟုတ်ဟု ရုရှားကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ဝါရှင်တန်သည် ပိုလန်နိုင်ငံတွင် ဒုံးခွင်းဒုံးကိုချထားပြီး ချက်နိုင်ငံတွင် ဒုံးထောက်လှမ်းရေး ရေဒါစနစ်ကို ချထားလိုကြောင်း၊ ဤသို့လုပ်ဆောင်ခြင်းဖြင့် ဥရောပ၏ ဒုံးကျည်ကာကွယ်ရေးစနစ်နယ်ပယ်ကို တိုးချဲ့ရန် ခြေလှမ်းပြင်စီစဉ်လျက်ရှိသည်။

ထိုအစီအစဉ်ကို ရုရှားတို့က အပြင်းအထန်ဆန့်ကျင်လျက်ရှိသည်။ အကယ်၍အမေရိကန်သည် ယင်းတို့ရည်ရွယ်ထားသော အစီအစဉ်ကို လက်တွေ့အကောင်အထည်ဖော်လာလျှင် ရုရှားတို့ကလည်း လိုအပ်သလို အရေးယူတုံ့ပြန်သွားမည်ဖြစ်ကြောင်း၊ အန္တရာယ်ပြုနိုင်သည်ဟု ယူဆရသောဒေသများကိုလည်း ရုရှားလက်နက်များဖြင့် ပြန်လည်ချိန်ရွယ်ထားရမည်ဖြစ်ကြောင်း ရုရှားသမ္မတ ဗလာဒီမာပူတင်က ဖေဖော်ဝါရီ ၁၄ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့လယ်တွင် မြင်းလှည်းဖြင့် တင်ဆောင်လာသော ဗုံးတစ်လုံးပေါက်ကွဲသဖြင့် ပျက်စီးသွားသော အဆောက်အအုံအချို့ကို ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ကားဗုံးနှင့် မြင်းလှည်းဗုံးများပေါက်ကွဲ အီရတ်ပြည်သူလေးဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၃

အီရတ်နိုင်ငံ ဘဂ္ဂဒက် မြို့လယ်ပိုင်းဒေသနှင့် တီကရစ်အရပ်၌ ဖေဖော်ဝါရီ ၂၂ရက်က မြင်းလှည်းဗုံးတစ်လုံးနှင့် ကားဗုံးတစ်လုံး ပေါက်ကွဲမှုဖြစ်ပွားရာ လေးဦးသေဆုံးကြောင်း လုံခြုံရေးအသိုင်းအဝိုင်းမှ လာသောသတင်းက ဖော်ပြသည်။

မြင်းလှည်းဗုံးသည် မြို့လယ်ပိုင်း ကာရာဒါအရပ်၌ နံနက်ပိုင်းက ပေါက်ကွဲသွားခြင်းဖြစ်ပြီး အနီးအပါးရှိ ဈေးဆိုင်နှင့် အဆောက်အအုံအချို့ ပျက်စီးသွားကာ တစ်ဦးသေဆုံးသွားကြောင်းလုံခြုံရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကာဆမ်မိုဆာဝီက ပြောကြားသည်။

ကားဗုံးသည် ဘဂ္ဂဒက်မြို့၏ မြောက်ပိုင်း မိုင် ၁၁၀ အကွာရှိ တီကရစ်မြို့ရဲစခန်းကို ရည်ရွယ် တိုက်ခိုက်ခြင်းဖြစ်သည်။ အဆိုပါ တိုက်ခိုက်မှုကြောင့် သုံးဦး သေဆုံးသွားပြီး ရှစ်ဦး ဒဏ်ရာရရှိသွားသည်။

သာမန်အားဖြင့်ဆိုလျှင် အီရတ်တွင် မြင်းလှည်းများကို ဓာတ်ငွေ့ဂက်စ်အိုးများ သယ်ယူပို့ဆောင်ရာတွင်လည်းကောင်း၊ အမှိုက်ကျုံးရာတွင် လည်းကောင်း၊ ဟင်းသီးဟင်းရွက်နှင့် အခြားကုန်စည်များ သယ်ဆောင်ရာတွင်လည်းကောင်း အသုံးပြုကြသည်။

အမ်အင်အေ၊ရိုက်တာ။

အစ္စရေးနှင့် အပစ်အခတ်ရပ်စဲရန် အဆင်သင့်ရှိဟု ဟားမတ်စ်အဖွဲ့ ပြောကြား

ဂါဇာ ဖေဖော်ဝါရီ ၂၃

အစ္စလာမ္မစ် တော်လှန်ရေးလှုပ်ရှားမှုအဖွဲ့(ဟားမက်စ်)က အစ္စရေးနှင့် အပြန်အလှန် အပစ်အခတ်ရပ်စဲရေး ပြုလုပ်ရန်အတွက် အဆင်သင့်ရှိနေကြောင်း ဂါဇာကမ်းမြောင်ရှိ ယင်းအဖွဲ့၏ပြောရေးဆိုခွင့်ရှိသူ ဆာမိအဘူဇူရီက သောကြာနေ့တွင် ပြောကြားလိုက်သည်။

အစ္စရေးက ပါလက်စတိုင်းပြည်သူလူထုအပေါ် ကျူးကျော်တိုက်ခိုက်နေမှုများ အဆုံးသတ်စေမည့် မည်သည့် ရှေ့ဆောင်ရှေ့ရွက်ပြုမည့် အစီအစဉ်ကိုမဆို လေ့လာရန်အဆင်သင့်ရှိနေသည်ဟု အဘူဇူရီက ဂါဇာရှိသတင်းထောက်များထံသို့ ပေးပို့သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

ဂါဇာကမ်းမြောင်တွင် ရှစ်လကြာ ဝန်းရံထားမှုနှင့် ပါလက်စတိုင်းအရပ်သားများ နေ့စဉ်တိုက်ခိုက်ခံနေရမှုများ အဆုံးသတ်ရေးအတွက် ဥရောပပါလီမန်က အစ္စရေးကို တိုက်တွန်းထားမှုအား အဘူဇူရီက လက်ကမ်း ကြိုဆိုသည်။

ပြဿနာမှာ ဟားမတ်စ်အဖွဲ့ကြောင့်မဟုတ်ကြောင်း၊ သိမ်းပိုက်မှုပြဿနာပင်ဖြစ်ကြောင်း၊ ဂါဇာကမ်းမြောင်ရှိ မိမိတို့ပြည်သူလူထုအပေါ် ဝန်းရံထားမှုနှင့် မိမိတို့နယ်မြေများသို့ ကျူးကျော်ဝင်ရောက်မှုပင်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗီယက်နမ်နိုင်ငံ ဟိုင်ဖုန်ဒေသရှိ သင်္ဘောကျင်းတစ်ခုကို ဖေဖော်ဝါရီ ၂၂ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်၏နျူကလီးယားအစီအစဉ် ငြိမ်းချမ်းရေးအတွက်ဖြစ် အိုင်အေအီးအေ၏ အစီရင်ခံစာတွင် ဖော်ပြ

တီဟီရန် ဖေဖော်ဝါရီ ၂၃

အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းစွာ အသုံးပြုမည့်အစီအစဉ်ဖြစ်သည်ဟု နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)၏ နောက်ဆုံးအစီရင်ခံစာ၌ ဖော်ပြထားကြောင်း အီရန်နျူကလီးယား ညှိနှိုင်းရေးမှူးဖြစ်သူ ဆာယီဂျာလီလီက သောကြာနေ့တွင် ပြောကြားလိုက်သည်။

ထုတ်ဖော်ပြောကြား

ယနေ့ထုတ်ပြန်သည့် အဆိုပါအစီရင်ခံစာသည် နျူကလီးယားဆောင်ရွက်ချက်များနှင့် ပတ်သက်သည့် ပကတိအခြေအနေအပေါ် အီရန်က ကြေညာခဲ့မှုများ မှန်ကန်ကြောင်း ဖော်ပြသည့်သာဓကဖြစ်ပြီး နျူကလီးယားလုပ်ငန်းသည် ငြိမ်းချမ်းစွာ အသုံးပြုရေးအတွက်ဟု ဖော်ပြထားကြောင်း ဂျာလီလီက သတင်းစာရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားသည်။

အီရန်နိုင်ငံ၏ အဏုမြူအစီအစဉ်သည် နျူကလီးယားလက်နက်များထုတ်လုပ်ရန် ရည်ရွယ်သည်ဟူသည့် စွပ်စွဲချက်များသည် အခြေအမြစ်မရှိကြောင်း နျူကလီးယားစောင့်ကြည့်လေ့လာရေးအဖွဲ့၏ အစီရင်ခံစာက သက်သေပြထားသည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

အောင်ပွဲဖြစ်

အီရန်က မိမိ၏ရပိုင်ခွင့်အပေါ်မူတည်၍ ဆောင်ရွက်နေကြောင်း တဖွဖွပြောကြားနေသည့် ရလဒ်၏အောင်ပွဲပင်ဖြစ်သည်ဟု၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

မီးဘေးအန္တရာယ်နှင့် နောက်ဆက်တွဲဖြစ်ရပ်များ

မောင်မောင်ထွန်း

မရေးမဖြစ်လို့ ရေးရတော့မယ်။ အန္တရာယ်အမျိုးမျိုးနဲ့ မမျှော်လင့်ဘဲ သေဆုံးကြရတဲ့အထဲမှာ အခုဖော်ပြမယ့် သေဆုံးခြင်းမျိုးတွေကတော့ ရင်နင့်ဖွယ်ရာပါပဲ။ ဝဋ်ကြွေးဆိုးပါလာလို့ ခုလို အဖြစ်ဆိုးနဲ့ကြုံရတယ်လို့ ဖြေနိုင်ကြပေမယ့် သတိတရားလက်ကိုင်ထားရင် မသေနိုင်ဘူးလို့လည်းပြောလို့ရတာပါပဲ။

ရင်နင့်ဖွယ်ရာပြည်တွင်းဖြစ်ရပ်များ

၂၇-၁-၂၀၀၄ ရက်နေ့ သန်းခေါင်ကျော် နံနက် ၂ နာရီ ၄၅ မိနစ် ကျိုက်ထီးရိုးဘုရားရင်ပြင်က စားသောက်ဆိုင်၊ တည်းခိုဆိုင်တစ်ဆိုင်ဖြစ်တဲ့ မို့မို့စန်းဆိုင်မှာ အသက် ၁၅ နှစ်အရွယ် မဝေဝေအောင် ထမင်း ထချက်တယ်။ ဝါးထရံကတစ်ဆင့် ဆိုင်ကို ကူးတယ်။ မီးခိုးတွေ ဆိုင်အပေါ်ထပ်ကိုစုပြီး တက်တယ်။ ဆိုင်အပေါ်ထပ်မှာ တည်းခိုနေတဲ့ လူတချို့ အိပ်ပျော် နေကြတယ်။ တချို့လည်း လန့်နိုးလို့ ထပြေးတယ်။ အောက်ကတက်လာတဲ့ မီးခိုးတွေကြောင့် လဲကျပြီး အသက်ဆုံးရှုံးကြရတယ်။ အိပ်ပျော်နေသူတွေကတော့ သေမှန်းတောင် သိလိုက်ကြဟန် မတူဘူး။ စက္ကန့်မိနစ်ပိုင်း အတွင်းမှာပဲ လူ ၂၀ သေရတယ်။

၂၀-၅-၂၀၀၄ ရက်နေ့ သန်းခေါင်ကျော် နံနက် ၃နာရီ၄၅မိနစ် မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် ကဋ္ဌနမဟီရပ်ကွက်ရှိ ဦးလှအောင်ပိုင်တဲ့ နှစ်ထပ်တိုက် အောက်ထပ်လှေကားရင်းမှာရှိတဲ့ မီးအားမြှင့်စက် အပူလွန်ကဲပြီး မီးခိုးတွေ အပေါ်ထပ်ကို တက်လာတယ်။ အပေါ်ထပ်မှာရှိတဲ့ မိသားစု ကိုးဦးစလုံး မီးခိုးမွန်သေကြရတယ်။

၂၂-၁-၂၀၀၆ ရက်နေ့ ည ၁၀နာရီခွဲ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဥယျာဉ်မြို့တော် ၉၄ ရပ်ကွက် အေ(၂)လမ်း၊ တိုက်(၂) အခန်း (၄၀၂)မှာ ဖယောင်းတိုင်မီးက တစ်ဆင့် ခြင်ထောင်နဲ့ မွေ့ရာကို လောင်တယ်။ မိသားစု ခြောက်ဦးစလုံး မီးခိုးမွန်သေဆုံးခဲ့ရတယ်။ အဖြစ်က ဘယ်လောက်ဆိုးလဲဆိုရင် မွေ့ရာနဲ့ ခြင်ထောင် လောင်တာကလွဲလို့ ကျန်တာတွေ မလောင်ဘူး။

၉-၁-၂၀၀၇ ရက်နေ့ ညသန်းခေါင်ကျော် နံနက် ၁ နာရီ မြောင်းမြမြို့ (၆)ရပ်ကွက် ဗိုလ်ဗထူးလမ်း အမှတ် (၁၅၁) ဦးတင်အုန်း နှစ်ထပ်အိမ်မှာ ဖယောင်းတိုင်မီးကတစ်ဆင့် မီးစွဲလောင်တာ အိမ်ငါးလုံး လောင်သွားပါတယ်။ အိပ်ပျော်နေကြတဲ့ ကလေးခြောက်ဦး မီးခိုးမွန်သေရတယ်။

၅-၅-၂၀၀၇ ရက်နေ့ ညသန်းခေါင်ကျော် နံနက် ၂နာရီ ၄မိနစ် ရန်ကုန်တိုင်း အလုံမြို့နယ် စောရန်ပိုင်ရပ်ကွက် သစ်တောလမ်း အမှတ်(၆) မြေညီထပ်ရှိ မီးအားမြှင့်စက်က ဝါယာရှော့ခ်ဖြစ်တယ်။ မီးခိုးတွေ အပေါ်တက်တယ်။ မီးခိုးမွန်ပြီး လူလေးယောက် သေဆုံးတယ်။

ပြည်ပမှ ရင်နင့်ဖွယ်ရာဖြစ်ရပ်များ

၂၀-၁-၂၀၀၇ ရက်နေ့ ရုရှားနိုင်ငံ မော်စကိုမြို့ရှိ အိမ်တစ်အိမ်မှာ အသက် ၂၀ အရွယ် လူငယ်တစ်ဦး ရေနွေးအိုးတည်ရင်း သူ့အိပ်ခန်းထဲမှာအိပ်ပျော်သွားတယ်။ အဝတ်အထည်တွေ စလောင်ပြီး မီးခိုးက ထွက်ပေါက်မရှိလို့ မွန်ပြီးသေဆုံးရတယ်။ ညော်နံ့ရလို့ မိဘတွေက အခန်းတံခါးကို အတင်းတွန်းဖွင့်ဝင်ကြည့်ကြတဲ့အခါ အလောင်းပဲ တွေ့ရတော့တယ်။

၁၇-၁၁-၂၀၀၇ရက်နေ့ အိုင်ယာလန်နိုင်ငံ မြောက်ပိုင်း၊ လမ်မီခရီဆင့်မြို့က အိမ်တစ်လုံး မီးလောင်တယ်။ မီးသတ်ကလည်း မီးကိုအချိန်မီ ငြိမ်းနိုင်ခဲ့တယ်။ ဒါပေမယ့် မိခင်၊ ဖခင် အပါအဝင် မိသားစု ခုနစ်ဦးစလုံး မီးမလောင်ဘဲ သေနေပြီ။ ဆေးရုံမှာ ရင်ခွဲစစ်တော့ အားလုံး မီးခိုးမွန်သေတာတွေ့ရတယ်။ အငယ်ဆုံးက လသားအရွယ်၊ အကြီးဆုံးသမီးက အပျိုဖော်ဝင်စ။

၂၅-၁၂-၂၀၀၇ ရက်နေ့ မလေးရှားနိုင်ငံ၊ ကွာလာလမ်ပူမြို့တော်က အလုပ်သမားလိုင်းခန်းတစ်ခုမှာ မီးလောင်တယ်။ မီးထဲက လုပ်ဖော်ကိုင်ဖက်သုံးဦးကို အင်ဒိုနီးရှားလူမျိုး လုပ်သားတစ်ဦးက သွားကယ်တယ်။ ကယ်တဲ့လူက မီးခိုးမွန်ပြီး လဲကျသေရတယ်။

၁၁-၂-၂၀၀၈ ရက်နေ့ ညအချိန် ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျနေးရိုးမြို့ အိမ်တစ်အိမ်အတွင်းမှာ လျှပ်စစ်ဓာတ်အားပြတ်သွားလို့ မီးစက်ဖွင့်မောင်းထားရာက မိသားစုလေးဦးစလုံး အိပ်ပျော်သွားခဲ့တယ်။ မီးစက်က ထွက်လာတဲ့ မီးခိုးတွေကြောင့် အိမ်ခန်းတစ်ခုလုံးကို ဖုံးပြီး လေးဦးစလုံး မီးခိုးမွန်သေခဲ့ရတယ်။

ဖြစ်ရပ်များက သင်ခန်းစာများ

မီးခိုးမှာ ကာဗွန်ဒိုင်အောက်ဆိုဒ်၊ ကာဗွန်မိုနော့ဆိုဒ်၊ ဟိုက်ဒရိုဂျင်ဆိုင်ယာနိုက်ဖော့စ်ဂျင်းစတဲ့ အဆိပ်ဓာတ်ငွေ့တွေပါတယ်။ တစ်မိနစ်က နှစ်မိနစ်အတွင်း သေနိုင်လို့ ရေနစ်တာထက်ဆိုးတယ်။ အိပ်ပျော်နေရင်ပိုဆိုးတယ်။ သိလို့ အလန့်တကြား ထထိုင်ရင်လည်း ထပြေးချိန် မရတော့ပါဘူး။ ထပြေးလည်း လဲကျမှာပါပဲ။ ၁၉၉၈ ခုနှစ် လားရှိုးမြို့၊ ရပ်ကွက်(၅)မီးဘေးမှာ လွတ်မယ်



၁၇-၁၁-၂၀၀၇ ရက်နေ့က အိုင်ယာလန်မြောက်ပိုင်း၊ လမ်မီခရီဆင့်မြို့တွင် မီးလောင်မှုကြောင့် မီးခိုးမွန်သေဆုံးရသော မိသားစုဝင် ခုနစ်ဦးအား တွေ့ရစဉ်။

ထင်ပြီး မော်တော်ဆိုင်ကယ်နဲ့လမ်းကိုဖြတ်စီးပြေးတဲ့အခါ လဲကျသေဆုံးကြရသလိုပါပဲ။ မီးခိုးတကယ်ပိတ်ရင် နှစ်ပေအကွာအဝေးကို ဆလိုက်ထိုးကြည့်ရင်တောင်မမြင်ရတော့ဘူး။ အဆိပ်ငွေ့လည်း ရှူမိနေပြီ။

သိထားသင့်သောအချက်များ

မီးခိုးတွေဟာ အပေါ်ကိုတက်ပြီးမှ အောက်ကိုပြန်ဆင်းတာမို့ မှောက်ချလိုက်ရင် အသက်ရှူချိန်နည်းနည်းပိုရတယ်။ မတတ်ပရပ်လို့ မဖြစ်နိုင်တော့ဘူး။ ဒါကိုအခန်းရှိလူအားလုံးကြားအောင် အော်ဟစ်သတိပေးရမယ်။

မိကျောင်းတက်(သို့မဟုတ်) လေးဘက်ထောက်သွားပြီးမှတံခါးကို ဖွင့်သင့်တယ်။ (အထဲမှာ မီးတောက်ရှိနေရင်တော့ သူလည်းအပြင်က အောက်ဆီဂျင်ရပြီး ပိုတောက်မှာပဲ)

အခန်းမျက်နှာကြက်မှာ သူခိုးမဝင်နိုင်တဲ့ လေဝင်ပေါက်တွေထားဖို့ကောင်းတယ်။ သံဆန်ခါနဲ့သုံးပေပတ်လည်လောက်ဆိုပိုကောင်းတယ်။ Ventilation System ခေါ်တဲ့ လေဝင်လေထွက် ကောင်းဖို့ပါ။ ချမ်းလို့ဆိုပြီး တံခါးအလုံပိတ် ညအိပ်ရင် အန္တရာယ်သိပ်များတယ်။ အလုံပိတ်အခန်းထဲမှာ မီးဖိုပြီး အိပ်ရင်တော့ အသက်ဆုံးရှုံးဖို့ သေချာသလောက်ပဲ။

မီးသတ်ဦးစီးဌာနမှ မီးလောင်မှု၌ မီးခိုးစုပ်ထုတ်နိုင်သော ကိရိယာ (Smoke Ejector)

ပြတင်းပေါက်တွေ ဝရန်တာတွေမှာ သံတိုင်၊ သံပန်း အသေမတပ်သင့်ဘူး။ အထပ်မြင့် တိုက်ခန်းတွေမှာ ကြိုးလှေကားလိပ်တင်ပြီး ထားသင့်တယ်။ မထား နိုင်ရင် ဆင်းဖို့ကြိုးရှိရမယ်။

အထပ်မြင့် တိုက်လှေကားအခန်းတွေ မီးခိုးမဝင်အောင်လုပ်သင့်ပြီး လှေကားအခန်းနံရံတွေဟာ မီးဒဏ်တစ်နာရီလောက် ခံနိုင်ရမယ်။ လှေကားခန်း လေဝင်လေထွက်သီးသန့်ရှိရမယ်။

မီးလှန့်အချက်ပေးကိရိယာ (Fire Alarm)၊ မီးခိုးအချက်ပေးကိရိယာ (Smoke Alarm)၊ ရေအသင့်ပက်နိုင်တဲ့ရေပိုက်ခွေ (HOSE REEL)၊ မီးသတ်ကသုံးမယ့်မတ်ရပ်ရေပိုက်စနစ် (Dry or Wet Riser System) တပ်ဖို့လိုပါမယ်။

အရေးပေါ် ထွက်ပေါက်ရှိရမယ်။ သုံးထပ်ကခုန်ချရင်ပဲ သေနိုင်တာမို့ အရေးပေါ်မီးသတ်လှေကားထားရှိရမယ်။ မီး၊ မီးခိုးအန္တရာယ် မများရင်တော့ မီးသတ်ကားအလာကို စောင့်သင့်တယ်။ ဆယ်ထပ်အမြင့်က လူတွေကို လှေကားတင်မီးသတ်ယာဉ်က ကယ်ပေးနိုင်ပါတယ်။

မီးသတ်ကို လွယ်လွယ်ခေါ်နိုင်ဖို့ မြင်လွယ်တဲ့နေရာမှာ မီးသတ်ဖုန်း ဥပမာ-ရန်ကုန်ဆိုရင် (၁၉၁)နဲ့ ၂၅၂၀၁၁၊ ၂၅၂၀၂၂ဆိုပြီးရေးထားသင့်တယ်၊နေပြည်တော်ဆိုရင် ဖုန်း ၀၆၇-၄၂၀၀၀၅၊ မန္တလေးဆိုရင် ၀၂-၆၀၇၃၉ စသည်ဖြင့်ပေါ့။ အလွတ်ရရင်ပိုကောင်းတယ်။ မီးလောင်မှုဖြစ်သူတချို့ မီးသတ်ကား နောက်ကျတယ်ဆိုပြီး အပြစ်တင်တတ်ကြတယ်။ ခင်ဗျားမီးသတ်ကို ဘယ်အချိန်ခေါ်သလဲ၊ ဖုန်းနံပါတ်ကိုရော သိရဲ့လားမေးတော့ မဖြေတတ်ကြဘူး။ ဒီတော့မှ အိမ်ဘေးက တစ်ဦးဦး ဖုန်းဆက်လို့ ရောက်လာတာကို သတိထားမိကြတယ်။

လျှပ်စစ်မီးပျက်တာနဲ့ ခလုတ်တွေ လိုက်ပိတ်ရမယ်။ မီးအားမြှင့်စက်၊ အင်ဗာတာ စတဲ့လျှပ်စစ်ပစ္စည်းတွေ၊CNG စတဲ့ ဓာတ်ငွေ့အိုးတွေ အနားကို ဖယောင်းတိုင်နဲ့ သွားကြည့်လို့မရပါ။ လက်နှိပ်ဓာတ်မီးပဲသုံးရမယ်။ လျှပ်စစ်ပလပ်ပေါက်တွေမှာ ရေးထားတဲ့ လျှပ်စစ်ခံနိုင်ရည်ဝန် Ampere ကို သိရှိပြီး အိမ်ဖော်တွေ၊ ကလေးတွေကို သင်ပေးထားရမယ်။ လိုတာထက် လျှပ်စစ်အားပိုသုံးရင် ခံနိုင်ရည်မရှိတဲ့ ဝါယာကြိုးတွေက မီးထတောက်ပြီး မီးလောင်ဖို့သေချာတယ်။ မျက်နှာကြက်က စလောင်တတ်ပြီး မီးခိုး(အဆိပ်ငွေ့)တွေ ထွက်လာမှာပဲ။

နွေခေါင်ခေါင်ရဲ့ နေ့လယ်မှာ ဓာတ်ဆီလဲလှယ်မှု၊ လောင်းထည့်မှုတွေ ကြမ်းကြမ်းတမ်းတမ်း လုပ်ရင် ပွတ်တိုက်မှုနဲ့ မီးထတောက်တတ်တယ်ဆိုတာ သိရမယ်။ ဖယောင်းတိုင်ကို သံအောက်ခံနဲ့ပဲ ထွန်းရမှာကို သိထားသလို လေတိုက်လို့ လဲမကျအောင် ဘယ်လိုလုပ်မယ်ဆိုတာကိုလည်း ကြိုတွေးပြီး ကြိုပြင်ထားရမယ်။ ခြင်ဆေးကို သံဘူးနဲ့ပဲ ထွန်းသင့်တယ်။ မီးသတ်ဆေးဘူးတွေကို အခန်းတိုင်းမှာ ယူလို့လွယ်တဲ့ နေရာမှာထားရမယ်။ ABC Type မီးသတ်ဆေးဘူးဆိုရင် အမှုန့်တွေပဲ ပန်းထွက်ပြီး မီးကိုငြိမ်းစေတာမို့ တော်ရုံပစ္စည်း မပျက်စီးဘူး။ မီးသတ်ဆေးဘူးကို လူတိုင်းလွယ်လွယ်နဲ့ ပက်တတ်အောင် သင်ပြပေးထားရမယ်။

ရပ်ကွက်တွေ၊ ဈေးတွေ၊ လမ်းတွေ၊ အဆောက်အအုံတွေ မီးသတ်ကားဝင်၊ထွက်နိုင်အောင် လုပ်ရမယ့်အပြင် ရေရနိုင်အောင်လည်း စီမံပေးရမယ်။ မီးသတ်ကားတစ်စီးဟာ နှစ်မိနစ်က သုံးမိနစ်ပဲ ပက်လို့ရတယ်ဆိုတာကိုလည်း သိထားရင် ရေတွင်းရေကန် များများတူးဖြစ်မှာပါ။ ကားတွေမှာ မီးသတ်ဆေးဘူး မရှိလို့ ဝါယာရှော့ခ်ကြောင့် မီးလောင်တာတွေများပြီ။ မီးသတ်ဆေးဘူးထားရင် သူများကားလောင်လည်း ကူညီလို့ရတာပေါ့။ အသက်ကို ဥာဏ်စောင့်ပါတယ်။ ။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးအား ပြည်သူ့ဆန္ဒနှင့်အညီ အောင်မြင်စွာ အတည်ပြုနိုင်ရေး ကျရာကဏ္ဍက ပါဝင်ဆောင်ရွက် အဖျက်လုပ်ရပ်မှန်သမျှကို စွန့်လွှတ်စွန့်စားရဲသော သတ္တိဖြင့် ကာကွယ်တားဆီး

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၁၁) ဆင်းပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အခြေခံသတင်းစာပညာသင်တန်း အမှတ်စဉ်(၁၁)ဆင်းပွဲတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက အမှာစကား ပြောကြားရာတွင် မျက်မှောက်ကာလသည် ပြည်သူများ လိုလားတောင့်တနေကြသည့် အေးချမ်းသာယာမှုရှိသော၊ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုရှိသော နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များအတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသော ကာလဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကို နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီး၌ ထိရောက်စွာ ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်စေရန် ရည်မှန်းဖွဲ့စည်းခဲ့ခြင်းဖြစ်သည့်အတိုင်း အသင်းဝင်များ အနေဖြင့် ဒေသတိုင်း၊ ကဏ္ဍတိုင်းတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်လာစေရန်ကိုလည်း စည်းရုံးရေး နည်းလမ်းအားဖြင့် အထောက်အကူပြုနေပြီဖြစ်ကြောင်း။

နိုင်ငံတော်သစ် တည်ဆောက်ရေး လုပ်ငန်းစဉ်ကြီးသည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါး ဆက်စပ်ဖြစ်ပေါ်နေသည့် ပကတိအခြေအနေများအပေါ် ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ မှန်ကန်ခိုင်မာသောမူ၊ လက်တွေ့ကျသည့် လမ်းစဉ်၊ စေတနာပါသော အကောင်အထည်ဖော်မှု၊ မှန်ကန်သည့် ဦးဆောင်မှုများဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရသော လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း၊ ဝါဒစွဲ၊ ဆန္ဒစွဲ၊ အတ္တစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ များကင်းပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးအတွက် မွန်မြတ်ဖြူစင်သော အမျိုးသားရေးအသိစိတ်ဓာတ်ဖြင့် ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ ဖြစ်လိုမှု၊ ဖြစ်ချင်မှုဆန္ဒအလိုကို မလိုက်ဘဲ ပကတိအခြေအနေအရ ဖြစ်သင့်သည့်အပိုင်းကစပြီး တစ်ဆင့်ပြီးတစ်ဆင့် ကြိုးပမ်းကြရခြင်းဖြစ်ကြောင်း။

နိုင်ငံတော်က ချမှတ်ခံယူကျင့်သုံးနေသည့် ဒို့တာဝန်အရေးသုံးပါးသည် နိုင်ငံတော်၏ ပကတိအရှိတရားအရ မည်သူကမျှမငြင်းနိုင်သော အမျိုးသားရေးမူဝါဒဖြစ်ကြောင်း၊ ချမှတ်ထား သည့် နိုင်ငံရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်း၊ လူမှုရေးနည်းလမ်း (၁၂)ရပ်သည်လည်း ပကတိအခြေအနေများနှင့် ကိုက်ညီမှုရှိသော လက်တွေ့ကျသည့် နည်းလမ်းများသာ ဖြစ်ကြောင်း။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးအနေဖြင့် နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်အပေါ် အခြေပြုထားသော **“ဒို့တာဝန်အရေးသုံးပါး”** ကို အမျိုးသားရေးမူဝါဒအဖြစ်ခံယူပြီး ချမှတ်ထားသည့် နိုင်ငံရေးနည်းလမ်း၊ စီးပွားရေးနည်းလမ်း၊ လူမှုရေးနည်းလမ်းများအတိုင်း အကောင်အထည်ဖော်ခြင်းဖြင့်သာ ရည်မှန်းချက်ပန်းတိုင်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဟု ပြတ်သားစွာ ယုံကြည်ခံယူထားပြီးဖြစ်ကြောင်း။

နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒ လမ်းစဉ်များနှင့်အညီ အသင်းကြီး အနေဖြင့် တိကျသော ရည်မှန်းချက်ပန်းတိုင်၊ ခံယူကျင့်သုံးရမည့် အခြေခံမူဝါဒ၊ လက်တွေ့အကောင်အထည်ဖော်ရမည့် လုပ်ငန်းစဉ်များကိုလည်း ခိုင်မာစွာချမှတ်အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ပြည်သူများ၏အကျိုးအတွက် ဦးတည်ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်များအတိုင်း (၁၄)နှစ်ကြာ သက်တမ်းအတွင်း နိုင်ငံတော်၏ ဒေသအသီးသီး၌ တတ်စွမ်းသရွေ့ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ကြသည့်အတွက် ထိုက်သင့်သော ဖွံ့ဖြိုးတိုးတက်မှုများကိုလည်း ရရှိခဲ့ကြပြီးဖြစ်ကြောင်း၊ ပြည်သူများ အမှန်တကယ် အကျိုးရှိစေမည့် လုပ်ငန်းများဖြစ်သည့်အတွက် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုကိုလည်း တိုးတက်ရရှိခဲ့ပြီး အသင်းဝင် အင်အားသည်လည်း ယခုဆိုလျှင် ၂၄သန်းကျော်အထိ ရှိလာခဲ့ပြီဖြစ်ကြောင်း။

တိုးတက်များပြားလာသည့် အသင်းဝင်များအနေဖြင့် အသင်းဝင်များ၏ စည်းလုံးညီညွတ်သော စွမ်းအားဖြင့် ပြည်သူများ၏အကျိုးကို ပိုမိုသယ်ပိုးဆောင်ရွက်နိုင်ကြစေရန် စနစ်ကျသည့် စီမံဖွဲ့စည်းမှုများကိုလည်း ပြုလုပ်ထားပြီးဖြစ်ကြောင်း၊ ယခုဆိုလျှင် နိုင်ငံတော်၏ ဒေသအသီးသီး၌ တိုင်းရင်းသားပေါင်းစုံ၊ အလွှာပေါင်းစုံ၊ လူထုလူတန်းစားပေါင်းစုံ ပါဝင်သည့် အသင်းကြီးသည် ဗဟိုဌာနချုပ်တစ်ခု၊ ပြည်နယ်/တိုင်း အသင်း ၁၇ သင်း၊ ခရိုင်အသင်း ၆၆ သင်း၊ မြို့နယ်အသင်း ၃၂၀သင်း၊ ရပ်ကွက်/ကျေးရွာအသင်း ၁၅၃၂၇ သင်းအဖြစ် ခိုင်မာစွာ ဖွဲ့စည်းထားရှိနိုင်ခဲ့ပြီ ဖြစ်ကြောင်း။

အသင်းဝင်များအနေဖြင့် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် တလုံးတစည်းတည်းသော ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး၏အကျိုး၊ တိုင်းရင်းသားပြည်သူများ၏ အကျိုးအတွက် သယ်ပိုးဆောင်ရွက်ရာတွင် မှန်ကန်သောအသိတရားဖြင့် ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ လေ့ကျင့်မှုများကိုလည်း ဗဟိုအဆင့်တွင်ရော တိုင်းနှင့်ပြည်နယ်များရှိသည့် အသင်းအဆင့်ဆင့်၌ပါ ဆောင်ရွက်လျက်ရှိကြောင်း။

ပြည်သူများ၏အကျိုးကို သယ်ပိုးဆောင်ရွက်ရာတွင် အရည်အချင်း ပြည့်ဝသော အသင်းဝင်များက ပိုမိုထိရောက်အကျိုးရှိစွာ ဆောင်ရွက်နိုင်မည်ဖြစ်သကဲ့သို့ ပြည်သူများအတွင်း ပကတိဖြစ်ပေါ်နေမှုအခြေအနေ၊ လိုအင်ဆန္ဒနှင့် လိုအပ်ချက်များကို သိရှိရေးသည် အရေးပါသည့်အချက်ဖြစ်ကြောင်း။

ထို့အပြင် ပကတိဖြစ်ပေါ် တိုးတက်မှုများကို မျက်ကွယ်ပြု၍ လူထုအထင်အမြင်လွဲမှားအောင်၊ တိုးတက်ဖြစ်ထွန်းနေမှုများကို သေးသိမ်အောင်၊ နောက်ဆုံး ဆူပူအုံကြွမှုအထိ ဖြစ်လာပြီး တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် မမှန်သတင်းများ၊ လုပ်ကြံသတင်းများ၊ ကောလာဟလသတင်းများ၊ လိုရာဆွဲထားသည့် သတင်းများ၊ ပုံကြီးချဲ့သတင်းများ၊ အခါပေး သွေးထိုးလှုံ့ဆော်မှုများကို မီဒီယာအသာစီးဖြင့် လွှင့်ထုတ်လုပ်ဆောင်နေကြခြင်းအပေါ် အမှန်အတိုင်းသိအောင် ရှင်းလင်းအသိပေးရေးသည်လည်း အရေးပါသောအချက် ဖြစ်ကြောင်း။

ပြည်သူများထဲက ပြည်သူများဖြစ်ကြသည့် အသင်းဝင်များသည် အမှားနှင့်အမှန်၊ အပြုနှင့်အဖျက်များကို ခွဲခြားသိမြင်ပြီး ပြည်သူများအကျိုးအတွက် ထာဝစဉ် ရပ်တည်ကြရမည်ဖြစ်ကြောင်း။

အခြေခံသတင်းစာပညာသင်တန်း၌ ယုံကြည်ချက်၊ ခံယူချက်စွဲမြဲခိုင်မာရေး၊ အမျိုးသားနိုင်ငံရေး၊ သတင်းရယူခြင်း၊ သတင်းတည်ဆောက်ခြင်း၊ သတင်းရေးသားခြင်း၊ သတင်းတည်းဖြတ်ခြင်း၊ သတင်းဖြန့်ချိခြင်း၊ မီဒီယာများ အသုံးပြုခြင်း၊ အမှား၊ အမှန်ဝေဖန်ပိုင်းခြားခြင်း၊ မမှန်သတင်းများအား အမှန်အတိုင်း သိစေရန်ဆောင်ရွက်ခြင်း၊ အကျိုးရှိသော လုပ်ဆောင်မှုများအပေါ် ပြည်သူတစ်ရပ်လုံး ဝမ်းမြောက်ဂုဏ်ယူစွာဖြင့် ပါဝင်ဆောင်ရွက်လာစေရန် အသိပေးခြင်း၊ သတင်းရေးသားရာတွင် စောင့်စည်းရမည့်အချက်များစသည့် ဘာသာရပ်များကို အတွေ့အကြုံများသော ဝါရင့်နည်းပြများကိုယ်တိုင် ဆွေးနွေးပို့ချခဲ့ပြီးဖြစ်ကြောင်း၊ သင်တန်းက ရရှိလာသည့် အသိပညာများကို မိမိတို့၏ အတွေ့အကြုံများဖြင့် ပေါင်းစပ်၍ လက်တွေ့နယ်ပယ်တွင် ပြည်သူများ အကျိုးအတွက် သယ်ပိုးသွားကြပါဟု မှာကြားလိုကြောင်း။

တည်ဆောက်မှုတိုင်းသည် ရေရှည်တည်တံ့ ခိုင်မြဲစေရန်အတွက် အခြေခံခိုင်မာမှုဖြစ်မည်ဆိုသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရာ၌ ရေရှည်တည်တံ့ ခိုင်မြဲစေရန်နှင့်အစဉ်ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နိုင်ငံတော်တည်ငြိမ်ရေး၊ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ စီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်တစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်လာစေရန်အထူးဒေသကြီး (၂၄)ခုစီမံကိန်း၊ နယ်စပ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများ ချမှတ်ပြီး ဆောင်ရွက်နေခြင်းကိုလည်း ထင်ရှားစွာ တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ တစ်ဦးကောင်း တစ်ယောက်ကောင်းအတွက် ဆောင်ရွက်နေခြင်းမျိုးမဟုတ်ဘဲ တလုံးတစည်းသော ပြည်ထောင်စုကြီး အကျိုးအတွက် မွန်မြတ်မှန်ကန်သည့်စေတနာဖြင့် နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့ ဝိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မည်သည့်ခေတ်၊ မည်သည့်အခါကနှင့်မျှမတူသော တည်ငြိမ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုကို တိုးတက်ဖြစ်ပေါ်စေမည့် ထိုက်သင့်သည့် အခြေခံကောင်းများ ရရှိနေပြီဆိုသည်ကို ပြည်သူများထဲက ပြည်သူများဖြစ်ကြသော အသင်းဝင်များ ကိုယ်တိုင် ပြည်သူများနှင့်အတူ ထိတွေ့ခံစားနေကြရပြီ ဖြစ်ကြောင်း၊ ပြည်သူများအတွက် ပညာသင်ကြားမှု အခွင့်အလမ်းများ၊ စီးပွားရေး အခွင့်အလမ်းများ၊ ကျန်းမာရေးနှင့် လူမှုရေးအခွင့်အလမ်းများ တိုးတက်ရရှိနေပြီ ဖြစ်ကြောင်း၊ နိုင်ငံတော်အတွင်း တိုးတက်ဖြစ်ပေါ် ပြောင်းလဲမှုများကို ကြည်လင်သောအမြင်ဖြင့် မှန်ကန်စွာရှုမြင်ပြီး ပိုမိုတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ဒေသတိုင်း၊ ကဏ္ဍတိုင်း၌ ယခင်ကနှင့်မတူဘဲ တိုးတက်ပြောင်းလဲမှုများ ရှိနေပြီဆိုသည်မှာ မငြင်းနိုင်သော ပကတိ အရှိတရားများဖြစ်ကြောင်း၊ ဆန္ဒစွဲ၊ အတ္တစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ ပြင်းထန်မှုများကြောင့် နိုင်ငံတော်၏ သမိုင်းကြောင်းတွင် အတွေးမှား၊ အပြောမှား၊ အလုပ်မှားခဲ့သော အနိဋ္ဌာရုံဖြစ်စဉ်များကို မိမိတို့ သင်ခန်းစာယူကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးအတွက် မှန်ကန်သည့်အသိ၊ ကြည်လင်သောအမြင်၊ မွန်မြတ်သည့် စိတ်ထားဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

နိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက် ပြောင်းလဲမှုများသည်ပြည်သူများ လိုလားသော ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆီသို့ ရှေးရှုဦးတည်နေပြီဖြစ်ကြောင်း၊ နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာရေးအတွက် ချမှတ်ထားသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်သည် ညင်သာစွာ အသွင်ကူးပြောင်းရေးအတွက် တစ်ခုတည်းသော နည်းလမ်းဖြစ်ကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်စွာ လျှောက်လှမ်းရမည့်လမ်းကြောင်း ဖြစ်ကြောင်း။

အသင်းဝင်များအနေဖြင့် နိုင်ငံတော်သစ် တည်ဆောက်ရေးအတွက် နိုင်ငံတော်ကချမှတ် အကောင်အထည်ဖော်နေသည့် မူဝါဒလမ်းစဉ်(၇)ရပ်က လွဲ၍ အခြားမရှိဟု ပြတ်သားစွာ ယုံကြည်ထားပြီး ဖြစ်ကြောင်း၊ နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် မှန်ကန်သည့်လမ်းစဉ်ကို ခိုင်မာစွာ ချမှတ်အကောင်အထည်ဖော်မှုများအပေါ် နားလည်သိမြင်ကြရမည် ဖြစ်ကြောင်း။

နိုင်ငံတစ်ဝန်းလုံးက ကိုယ်စားလှယ်ပေါင်း ၁၀၀၀ကျော် ကာလကြာမြင့်စွာ အနှောင့်အယှက်၊ အခက်အခဲကြားက ဆွေးနွေးဆောင်ရွက်ခဲ့ရသည့် အမျိုးသားညီလာခံကြီး ပြီးစီးအောင်မြင်မှုသည် ပြည်သူအားလုံး ဂုဏ်ယူဝမ်းမြောက်ခဲ့ကြသော သမိုင်းမှတ်တိုင်ကြီးဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် မရှိမဖြစ် လိုအပ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်လာစေရန် မူကြမ်းပြီးစီးအောင် ရေးဆွဲနိုင်ခြင်းသည်လည်း နိုင်ငံတော်အတွက် သမိုင်းဝင်အောင်ပွဲဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် အမျိုးသားညီလာခံကြီး၌ နိုင်ငံတော်၏ဒေသအသီးသီး၊ အလွှာအသီးသီး၊ လူထုလူတန်းစား အသီးသီးက တိုင်းရင်းသားများစုံညီစွာ စုဝေးညှိနှိုင်း ဆုံးဖြတ်ခဲ့ကြခြင်း ဖြစ်ကြောင်း၊ တလုံးတစည်းသော ပြည်ထောင်စုကြီး အကျိုးအတွက် စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်ဖြင့် စုဝေးညှိနှိုင်း ဆုံးဖြတ်ခဲ့ကြခြင်းဖြစ်ကြောင်း။

အမျိုးသားညီလာခံကြီး ပြီးဆုံးအောင်မြင်ခဲ့မှုအပေါ် ပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံ ဂုဏ်ပြုပွဲကြီးများ ပြုလုပ်ရာ၌ အသင်းဝင်များက စွဲမြဲခိုင်မာသည့် ယုံကြည်မှုဖြင့် ပါဝင်ဆောင်ရွက်ခဲ့ကြသကဲ့သို့ အမျိုးသားညီလာခံကြီးက ဆွေးနွေးဆုံးဖြတ်ထားသည့်မူများဖြင့် ရေးဆွဲထားသော အခြေခံဥပဒေ မူကြမ်းကိုလည်း အောင်မြင်စွာ အတည်ပြုနိုင်ရေးအတွက် အသင်းကြီးက ပြည်သူတစ်ရပ်လုံးနှင့်အတူ ဝိုင်းဝန်းကြိုးပမ်းသွားမည် ဖြစ်ကြောင်း၊ ပေါ်ပေါက်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ၂၀၁၀ ခုနှစ်တွင် ကျင်းပမည့် ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပရေးသည်လည်း အနာဂတ်နိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာစေရေးအတွက် မွန်မြတ်မှန်ကန်သော ဆောင်ရွက်ချက်ဖြစ်သည့်အတွက် အသင်းကြီးက ပြည်သူတစ်ရပ်လုံးနှင့် လက်တွဲပြီး ဝိုင်းဝန်းပါဝင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးနှင့် ပေါ်ပေါက်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ပါတီစုံအထွေထွေရွေးကောက်ပွဲ ကျင်းပရေး လုပ်ငန်းစဉ်များသည် ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းလာစေရန် မွန်မြတ်မှန်ကန်သော အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များ ဖြစ်သည့်အတွက် အသင်းဝင်အားလုံး အမျိုးသားရေး တာဝန်အဖြစ်ခံယူပြီး ယုံကြည်ချက်၊ ခံယူချက် ခိုင်မာစွာဖြင့် ပြည်သူတစ်ရပ်လုံးနှင့်အတူ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန်ကိုလည်း တိုက်တွန်းပြောကြားလိုကြောင်း။

မိမိတို့၏ အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို မိမိတို့ တိုင်းရင်းသားပြည်သူများကသာ အချစ်ဆုံး ဖြစ်ကြောင်း။ နိုင်ငံတော်၏ သမိုင်းအဆက်ဆက် ဖြစ်ပေါ်ပြောင်းလဲမှုများ၏ ကောင်းကျိုး၊ ဆိုးကျိုးများကိုလည်း ကိုယ်တိုင်ခံစားတွေ့ထိကြရသူများဖြစ်သည့် နိုင်ငံသားများကသာ အသိဆုံးဖြစ်ကြောင်း၊ နိုင်ငံတော်ကြီး ရေရှည်တည်တံ့ပြီး ထာဝစဉ်ဖွံ့ဖြိုးတိုးတက်နေစေရန်ကိုလည်း ပြည်ထောင်စုဖွားတိုင်းရင်းသားများကသာ အလိုလားဆုံးဖြစ်ကြောင်း၊ နိုင်ငံတော်ကြီးနှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဖော်ဆောင်ရမည့် လုပ်ငန်းစဉ်များကိုလည်း မိမိတို့၏ ပြည်သူများကသာ အသိဆုံးဖြစ်ကြောင်း၊ မိမိတို့အားလုံး ရည်မှန်းချက်ကို မျက်ခြည်မပြတ်ဘဲ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်သစ်ကြီးအဖြစ် အသွင်ကူးပြောင်းရေးကာလ၌ ကြုံတွေ့နိုင်သည့် အဟန့်အတား၊ အနှောင့်အယှက်၊ အခက်အခဲများနှင့် ပကတိအခြေအနေကို မျက်ကွယ်ပြုပြီး စွက်ဖက်မှုမှန်သမျှကို ကြံ့ခိုင်သောစိတ်ဓာတ်၊ စည်းလုံးညီညွတ်သည့် စွမ်းအားဖြင့် ကာကွယ်သွားကြရန်ကိုလည်း မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်ကြီးသည် တစ်မျိုးသားလုံး ဝိုင်းဝန်းပါဝင် ဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်ကြီးဖြစ်သည့်အတွက် အောင်မြင်မှု ရှိစေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြပါ။

အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်များဖြစ်ကြသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးအား ပြည်သူ့ဆန္ဒနှင့်အညီ အောင်မြင်စွာ အတည်ပြုနိုင်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ ပြုလုပ်မည့် ပါတီစုံအထွေထွေ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကျရာကဏ္ဍက ပါဝင်ဆောင်ရွက်သွားကြပါ။

နိုင်ငံတော်သစ်တည်ဆောက်ရေးအတွက် ချမှတ်ထားသည့် လုပ်ငန်းစဉ်များကို ထိပါးနှောင့်ယှက်နိုင်သော အဖျက်လုပ်ရပ်မှန်သမျှကို မပြတ်သောသတိ၊ ကြံ့ခိုင်သောစိတ်ဓာတ်၊ စွန့်လွှတ်စွန့်စားရဲသောသတ္တိတို့ဖြင့် ဝိုင်းဝန်းကာကွယ် တားဆီးသွားကြပါ။ ပြည်သူများ၏ဘဝ၊ ဆန္ဒ၊ လိုအပ်ချက်များနှင့် ပကတိအခြေအနေများကို သိအောင်ဆောင်ရွက်ပြီး အသင်းကြီးကချမှတ်ထားသည့် လုပ်ငန်းစဉ်များအတိုင်း တတ်စွမ်းသရွေ့ ဝိုင်းဝန်းဆောင်ရွက်သွားကြပါ။

မိမိတို့အပေါ် ကျရောက်လာသည့် တာဝန်၏အရေးပါမှုကို နားလည်ပြီး ပြည်သူများအကျိုးကို ထာဝစဉ်သယ်ပိုးနိုင်သော အမျိုးသားရေးအင်အားစုကြီးအဖြစ် ထာဝစဉ် ရပ်တည်နိုင်အောင် ကြိုးပမ်းသွားကြပါဟု တိုက်တွန်းပြောကြားသည်။

သင်တန်းဆင်းပွဲအခမ်းအနားအပြီးတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် တာဝန်ရှိသူများသည် သင်တန်းသားများ၏ အစုအဖွဲ့အလိုက် ထုတ်ဝေထားကြသည့် သင်တန်းသားသတင်းစာများကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ သင်တန်းသို့ ပြည်နယ်နှင့် တိုင်းများမှ သင်တန်းသား ၄၇ ဦးတို့ တက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်ခဲ့သည်။

(သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အမှတ်(၁) ကုန်းမြင့်လယ်ယာရှိ ဓာတ်ဆီအစားထိုးလောင်စာ ဘိုင်အိုအီသနော စက်ရုံစီမံကိန်းသို့ ရောက်ရှိ၍ စီမံကိန်းရှင်းလင်းဆောင်၌ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က ဓာတ်ဆီအစားထိုးလောင်စာ ဘိုင်အိုအီသနော၏ အားသာချက်၊ အားနည်းချက်နှင့် စီးပွားရေးတွက်ခြေကိုက်၍ အစားထိုးလောင်စာအတွက် စိတ်ချစွာ အသုံးပြုနိုင်သည့် သုတေသနပြုချက်များကို အသေးစိတ်ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို မှာကြားဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဘိုင်အိုအီသနော စက်ရုံအတွင်း ဓာတ်ဆီအစားထိုးလောင်စာ ဘိုင်အိုအီသနော ထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တိုင်းမှူးက ဘိုင်အိုအီသနော စက်ရုံမှထွက်ရှိသော ဘိုင်အိုအီသနောဖြင့် မီးစက်၊ ဆိုင်ကယ်၊ သုံးဘီး ဆိုင်ကယ်နှင့် ကားများမောင်းနှင်နေမှုများကို သရုပ်ပြရှင်းလင်းတင်ပြသည်။

အဆိုပါ ဓာတ်ဆီအစားထိုးလောင်စာ ဘိုင်အိုအီသနော စက်ရုံသည် ကြံတစ်တန်ကြိတ်ပါက ဘိုင်အိုအီသနော ရှစ်ဂါလန်ရရှိမည်ဖြစ်ပြီး တစ်နေ့ သုံးဆိုင်းလည်ပတ်ပါက ဘိုင်အိုအီသနော ဂါလန် ၃၀၀ ထွက်ရှိမည်ဖြစ်သည်။

ယင်းဓာတ်ဆီ အစားထိုး ဘိုင်အိုအီသနော စက်ရုံအနေဖြင့် ကြံဧက ၁၀၀ ကို ဘိုင်အိုအီသနောဂါလန် ၄၀၀၀၀ ထုတ်ယူရရှိနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

❍ **ကျောဖုံးမှ**

ပိုမိုမြင့်မားရေးအတွက် မျက်ခြည်မပြတ်ပံ့ပိုးပေးလျက်ရှိကြောင်း၊ စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်မှ လူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များ အနေဖြင့်လည်း လုပ်ငန်းလိုအပ်ချက်များရှိပါက ပွင့်ပွင့်လင်းလင်းတင်ပြကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်လှငွေးဝင်းက ရန်ကုန်တိုင်းအတွင်း စက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်းက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက စက်မှုဇုန်အလိုက် ဖွဲ့စည်းတည်ရှိမှု၊ စက်မှုလုပ်ငန်းများ တိုးတက်ဖြစ်ပေါ်မှု၊ စက်မှုဇုန်အလိုက် ကုန်ထုတ်လုပ်မှု၊ စက်ရုံများနှင့် အလုပ်သမားဦးရေ ရင်းနှီးမြှုပ်နှံမှု၊ ပံ့ပိုးကူညီပေးမှု၊ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်နေမှု အပါအဝင် လုပ်ငန်းအခြေအနေတို့နှင့် စပ်လျဉ်း၍ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများကလည်း ကဏ္ဍအလိုက် ပံ့ပိုးကူညီဆောင်ရွက်ပေးမှုအခြေအနေများနှင့် စပ်လျဉ်း၍လည်းကောင်း၊ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ **မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "သံစဉ်မဲ့ကမ္ဘာ"**
၁:၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၁:၅၅ ၇။ အပိတ်နှုတ်ဆက်စကား
၂:၀၀ ၈။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၂၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၄:၃၀ ၆။ တက္ကသိုလ်ဝင်တန်းစာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ပို့ချချက် (ဘောဂဗေဒ)
၄:၄၅ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၂။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၆:၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရာဇဝင်တွင်တဲ့သူရဲကောင်း (အပိုင်း-၄၀)**
၈:၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -သိမ်းငှက်သူရဲကောင်း (ဒုတိယတွဲ) (အပိုင်း-၃၅)**
၂၂။ သင့်အတွက်မနက်ဖြန်
၂၃။ အပိတ်နှုတ်ဆက်စကား
၂၄။ ပြီးပါပြီ။

ရန်ကုန်တိုင်း ဆိပ်ကြီးခနောင်တိုမြို့နယ် အောင်မြေဖေယျမိုးကောင်း ပရိယတ္တိစာသင်တိုက် ဝိစိတြရုံသီ သိမ်ကျောင်းတော်ကြီး ပြန်လည်တည်ဆောက်ရန်အတွက် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၇ရက်ကကျင်းပရာ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက်မှ ဒေါ်ခင်မျိုးရီ မိသားစုက (ဝိဓူရ သခင်ချစ်မောင်)အား ရည်စူး၍ မ,တည်အလှူငွေ ကျပ်သိန်း ၁၀၀ ကို ဆရာတော် ဘဒ္ဒန္တ သုမင်္ဂလ ရှေ့မှောက်၌ လှူဒါန်းစဉ်။ (၅၇)

အလိုမှာ စာမှာရှိ
စာအုပ်စာပေ လူ့မိတ်ဆွေ

ရှားပါး ရှေးဟောင်း စာအုပ်စာပေ ပြပွဲ

သတင်းဆောင်းပါး၊ ဓာတ်ပုံ - သန့်ဇင်ထွန်း(ကြေးမုံ)

လိုအပ်သည့် စာအုပ်စာတမ်းများကို တစ်နေရာတည်းတွင် လွယ်လင့်တကူ ဝယ်ယူနိုင်စေရန် စုဆောင်းထား။
ကိုလှမင်းအောင်
(အမြင်သစ်စာပေ)

စာအုပ်စာပေ လူ့မိတ်ဆွေဟု ဆိုရိုးစကားရှိသည်။ လူသားတို့၏ အတိတ်သမိုင်းကြောင်းနှင့် ပစ္စုပ္ပန်၊ အနာဂတ်ဖြစ်စဉ်များနှင့် ထူးခြားသည့် အဖြစ်အပျက်များကို စာပေပညာရှင်တို့၏ မှတ်တမ်းမှတ်ရာ စာအုပ်စာတမ်းများ၌ လေ့လာတွေ့ရှိနိုင်ကြသည်။ ထို့ကြောင့်လည်း စာပေကို ရတနာတစ်ပါးဟုပင် တင်စားခေါ်ဆိုခဲ့ကြသည်။

လူမျိုးတစ်မျိုး၏ အဆင့်အတန်းကို ထိုလူမျိုး၏ စာပေအရည်အသွေးဖြင့် တိုင်းတာသိရှိနိုင်ကြသည်။ စာပေမှတစ်ဆင့် ထိုခေတ်ထိုကာလမှ လူသားတို့၏ တွေးခေါ်ပုံ အဆင့်အတန်းကို သိကြရပြီး စာပေမှတစ်ဆင့် နိုင်ငံများစွာကို ရောက်ရှိနိုင်ကြသည်။ စာပေကျေးဇူးကြောင့် လူသားတို့ နေထိုင်ရာ ကမ္ဘာမြေထုကိုသာမက စကြဝဠာတစ်ခွင်လုံး၏ သမိုင်းဖြစ်စဉ်ဖြစ်ရပ်တို့ကို လေ့လာနိုင်ကြပြီး လူသားတို့၏ တိုးတက်ပြောင်းလဲမှု၊ ဆုတ်ယုတ်မှု ဖြစ်စဉ်ဖြစ်ရပ်တို့ကိုလည်း သိရှိနိုင်ကြသည်။

အထူးသဖြင့် ယနေ့ခေတ်လူသားတို့ မသိခဲ့၊ မတွေ့ကြုံခဲ့သည့် ဖြစ်ရပ်များစွာကို ရှေးခေတ်စာပေပညာရှင်များ ပြုစုခဲ့ကြသည့် စာအုပ်စာပေမှတစ်ဆင့် နှောင်းလူတို့ သိရှိနိုင်ကြသည်။ ဤသည်မှာ စာပေ၏ ကျေးဇူးကြောင့်ပင် ဖြစ်သည်။

ရှားပါး စာအုပ်များကိုလည်း သီးသန့်ခင်းကျင်းပြသထားသည်။

ဤကဲ့သို့ အထူးရှားပါးသည့် စာအုပ်စာပေ မှတ်တမ်းလက်ရေးမူများကို စုဆောင်းပြသရောင်းချသည့် ပြပွဲတစ်ရပ်ကို အမြင်သစ်စာပေစီစဉ်မှုဖြင့် ဖေဖော်ဝါရီ ၂၃ရက်မှ မတ် ၇ ရက်အထိ ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်ရှိ လောကနတ်ခန်းမတွင် ပြသရောင်းချနေသည်။ အမြင်သစ်စာပေမှ ဤကဲ့သို့ ရှားပါးစာပေ၊ စာအုပ်များပြပွဲနှင့် ရောင်းချပွဲကို ၂၀၀၆ ခုနှစ်တွင် ပထမအကြိမ်နှင့် ၂၀၀၇ ခုနှစ်တွင် ဒုတိယအကြိမ် အဖြစ် ပြသခဲ့ပြီး ယခု တတိယအကြိမ်မြောက် ပြသခြင်းဖြစ်ကြောင်း သိရှိရသည်။ ယခုပြပွဲတွင် အထူး

ရှားပါး သက်တမ်းရင့် စာအုပ်များ ပါဝင်သည့်နည်းတူ ထုတ်ဝေသည့် သက်တမ်း မကြာသေးသော်လည်း ရှာဖွေဝယ်ယူရန် ခက်ခဲသည့် စာအုပ်များပါ ပြသထားသည်။ ဤသည်မှာလည်း စာပေချစ်သူ၊ စာပေမြတ်နိုးသူ၊ ဗဟုသုတရှာမှီးလိုသူများအတွက် အချိန်ကုန် လူပန်းမဖြစ်စေဘဲ မိမိတို့လိုအပ်ရာ စာအုပ်စာတမ်းများကို တစ်နေရာတည်းတွင် လွယ်လင့်တကူ ဝယ်ယူနိုင်စေရန် အမြင်သစ်စာပေမှ အချိန်ယူပြီး ကြိုးပမ်းအားထုတ် စုဆောင်းထားခြင်းဖြစ်ကြောင်း ဤပြပွဲကို စီစဉ်ဖန်တီးသူ ကိုလှမင်းအောင်က ရှင်းလင်းပြောပြသည်။

အထူးသဖြင့် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀၀ ဝန်းကျင်က ထုတ်ဝေခဲ့သည့် နိုင်ငံအသီးသီးမှ စာအုပ်များအပြင် မြန်မာနိုင်ငံတွင် ထုတ်ဝေခဲ့သည့် စာအုပ်များနှင့် လက်ရေးမူများကိုပါ ပြသထားရာ ရှေးဦးမြန်မာဖတ်စာအုပ်များ၊ ခေတ်ဟောင်း ရှားပါးဂျာနယ်၊ မဂ္ဂဇင်းများ၊ တိုင်းရင်းသား ဘာသာစကားနှင့် ရေးသားထားသော စာပေများနှင့် တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံယဉ်ကျေးမှုဆိုင်ရာ စာအုပ်များ၊ သမိုင်းဖြစ်ရပ်၊ နိုင်ငံရေးစာပေ၊ အတ္ထုပ္ပတ္တိ၊ တပ်မတော်ဆိုင်ရာစာပေ၊ ဥပဒေနှင့် ရှေးဟောင်းဓမ္မသတ်ဖြတ်ထုံးများ၊ စိတ်ပညာ၊ ဒဿနဘာသာရေး၊ ဘာသာစကားဆိုင်ရာ စာပေများအပါအဝင် ကမ္ဘာနှင့် မြန်မာ ရှားပါး သုတ၊ ရသဂန္ထဝင်စာအုပ်များ ပါဝင်သည်။ ပြပွဲကို နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ရောင်းချမည်ဖြစ်ပြီး အမြင်သစ်စာပေမှ ထုတ်ဝေသည့် စာအုပ်များကို တစ်ဦးချင်း ဝယ်ယူသူများအတွက် ၁၀ရာခိုင်နှုန်းနှင့် ကိုယ်စားလှယ်များအတွက် ၂၀ရာခိုင်နှုန်း လျှော့ဈေးဖြင့် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ရှေးဟောင်းရှားပါး စာအုပ်စာပေများကို လေ့လာကြည့်ရှုလိုသူများနှင့် ဝယ်ယူစုဆောင်းလိုသူများအနေဖြင့် သွားရောက် ကြည့်ရှုသင့်သည့် ပြပွဲတစ်ရပ်ဖြစ်ပါကြောင်း သတင်းကောင်း ပါးရပါသည်။ ။

ဘာသာရပ် ပေါင်းစုံမှ စာအုပ်မျိုးစုံကိုလည်း စိတ်ကြိုက် ရွေးချယ်နိုင်ကြသည်။

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား စတုတ္ထနေ့ (၁၈)ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၃

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်တို့က ကြီးမှူး၍ ၂၀၀၈ ခုနှစ် မြန်မာ ပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ (Myanmar PGA and Myanmar Golf Federation President Cup 2008)၏ စတုတ္ထနေ့ (၁၈)ကျင်း ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ပဲခူးတိုင်း ပဲခူးမြို့နယ် ဆယ်မိုင်းကုန်းရှိ ဟံသာဝတီဂေါက်ကွင်း၌ ကျင်းပသည်။

စတုတ္ထနေ့ (၁၈)ကျင်းပြိုင်ပွဲ အပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က အမှာစကားပြောကြားသည်။

ဆက်လက်၍ Han Golf Master Pte., Ltd. ဒါရိုက်တာ ဦးကိုကိုလေးက အမျိုးသမီးအဆင့် ပြိုင်ပွဲတွင် နေ့စဉ် အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ရရှိကြသူများအားလည်းကောင်း၊ Dagon Brewery., Ltd. မှ General Sales Manager ဦးသာဖြိုးက အမျိုးသား အပျော်တမ်းအဆင့် ပြိုင်ပွဲတွင် နေ့စဉ်အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ရရှိသူများအား လည်းကောင်း၊ Inno Group Co., Ltd. မှ Mr. OH SANG OK က Professional အဆင့်ပြိုင်ပွဲတွင် နေ့စဉ်အကောင်းဆုံး ရိုက်ချက်ဆု (Daily Best) ရရှိသူများအားလည်းကောင်း၊ ဆုများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးအောင်ကြည်က အမျိုးသမီးအဆင့် Handicap Division ပြိုင်ပွဲတွင် Nett Total ၂၁၇ ချက်ဖြင့် ပထမရရှိသော YANG MI YOUNG၊ Nett Total ၂၂၃ ချက်ဖြင့် ဒုတိယရရှိသော Jin Eun Hee၊ Nett Total ၂၂၃ ချက်ဖြင့် တတိယရရှိသော မေလီတို့အား လည်းကောင်း၊ အမျိုးသမီးအဆင့် Scratch ပြိုင်ပွဲ အထူးဆုရရှိသော ရင်မေမျိုးအား လည်းကောင်း၊ Air Bagan Ltd. မှ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းက အမျိုးသား အပျော်တမ်းအဆင့် ပြိုင်ပွဲတွင် စုစုပေါင်း ၂၉၅ ချက်ဖြင့် ပထမရရှိသော ဘိုဘို၊ စုစုပေါင်း ၂၉၆ချက်ဖြင့် ဒုတိယရရှိသော နေဗလဝင်းမြင့်နှင့် စုစုပေါင်း ၂၉၆ချက်ဖြင့် တတိယရရှိသော အောင်ဝင်းတို့အားလည်းကောင်း ဆုများကို အလှည့်ကျ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က Professional ပြိုင်ပွဲတွင် စုစုပေါင်း ရိုက်ချက် ၂၈၉ ချက်ဖြင့် ပထမရရှိသော Point Golf Gear Factory မှ ဇော်ဇော်လတ်အား ဆုဖလားနှင့် ဆုကြေးငွေ ချက်လက်မှတ်ကိုလည်းကောင်း၊ စုစုပေါင်းရိုက်ချက် ၂၉၄ ချက်စီဖြင့် ပူးတွဲဒုတိယရရှိသော Park Kyung Joon နှင့် Srixon မှ စိုးကျော်နိုင်တို့အား ဆုကြေးငွေများကို လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ယင်းပြိုင်ပွဲတွင် Co-Sponsors များအဖြစ် Air Bagan Ltd.၊ Inno Group Co., Ltd.၊ Eden Group Co., Ltd.၊ Srixon၊ K.M Golf Centre၊ Alpine (Purified Drinking Water)၊ Dagon Brewery Ltd.၊ Heather Gate Whisky၊ Accel International Co., Ltd. (CANON) နှင့် Han Thawaddy Golf and Country Club တို့က ထပ်မံ၍ ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာပီဂျီအေနှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ဇော်ဇော်လတ်အား ဆုဖလားကိုပေးအပ်ချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

ရန်ကုန်တက္ကသိုလ် (၁၉၆၉-၇၃) မြန်မာစာ အဓိက ကျောင်းသား၊ ကျောင်းသူဟောင်းများက အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးတို့အား ဆဋ္ဌမအကြိမ် မြောက် ကန်တော့ပွဲကို ဖေဖော်ဝါရီ ၁၂ ရက်က တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများအား ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ပစ္စည်း ပေးအပ်စဉ်။ (က-ပ)

ဖေဖော်ဝါရီ ၁၆ ရက်က အမှတ်(၂) အခြေခံပညာမူလတန်းလွန်ကျောင်း လှိုင်မြို့နယ်၏ မိဘဆရာ အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆု၊ဘက်စုံဆု ချီးမြှင့်ပွဲတွင် မြန်မာဘာသာ ထူးချွန်ဆု ရရှိသော (သူငယ်တန်း)မှ မရွှန်းလဲ့ဝတီအား ကျောင်း အုပ်ဆရာမကြီး ဒေါ်သာနုအေး ဆုချီးမြှင့်စဉ်။ (၅၄၃)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၄-၂-၂၀၀၈ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၁၅ ၂။ တိပိဋကဓရ၊ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တသီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်
- ၇:၂၅ ၃။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၆။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၈:၀၀ ၇။ အတီးပြိုင်ပွဲ
- ၈:၁၀ ၈။ ဝန်ဖိုက်ချောင်းတံတား
- ၈:၁၅ ၉။ အကပြိုင်ပွဲ
- ၈:၃၀ ၁၀။ International News.
- ၈:၄၅ ၁၁။ Say It In English.
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ ထက်မြက်ပျော်ရွှင် အိမ်ထောင်ရှင်
- ၁၂:၀၅ ၅။ **မြန်မာဗီဒီယိုဇာတ်လမ်း "ကမ္ဘာသုံးရည်းစားစကား" (လွင်မိုး၊ ခိုင်သင်းကြည်) (ဒါရိုက်တာ-ညိုမင်းလွင်)**
- ၁:၅၀ ၆။ တေးဂီတအစီအစဉ်
- ၂:၀၅ ၇။ အတီးပြိုင်ပွဲ
- ၂:၂၀ ၈။ **"ပေါင်ပေါ်ကျတဲ့မိုး" (ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ-မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)**
- ၂:၃၅ ၉။ လဂွမ်းပြင်ရေလှောင်တမံ
- ၂:၄၅ ၁၀။ International News.
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (သမိုင်းအထူးပြု) (သမိုင်း)**
- ၄:၄၅ ၄။ ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဘာသာရပ်ဆိုင်ရာ သင်ခန်းစာ (သမိုင်းဘာသာရပ်)
- ၅:၁၅ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ
- ၅:၃၀ ၆။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၇။ ညနေခင်းသတင်း
- ၆:၃၀ ၈။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၉။ **"အသက်ကလေးရယ်တဲ့ ရှည်စေလို" (ဦးအောင်လွင်၊ ဦးကြည်စိုး၊ မေထွဋ်ခေါင်) (ဒါရိုက်တာ-ကြည်စိုး)**
- ၆:၅၀ ၁၀။ တေးဂီတအစီအစဉ်
- ၇:၁၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်သူ့အားမာန်" (အပိုင်း-၁၆)**
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နိုင်ငံတကာသတင်းများ
- ၁၄။ မိုးလေဝသအခြေအနေ
- ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မာယာထောင်ချောက်" (အပိုင်း-၄)**
- ၁၆။ နောက်တစ်နေ့အစီအစဉ်
- ၁၇။ အစီအစဉ်ပြီး၏။

(၉၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ကြေးမုံ The Mirror — ကမ္ဘာတစ်လွှား ထူးထူးခြားခြား မှတ်တမ်းများ

အရှည်ဆုံးကား

ကမ္ဘာပေါ်တွင် အရှည်လျားဆုံးသော မော်တော်ကားမှာ အမေရိကန်မှ ဒီဇိုင်းပညာရှင် ဂျေးအိုဘာ့ဂ် ဖန်တီးသည့် ပေ ၁၀၀ရှည်ပြီး ၂၆ဘီးပါ မော်တော်ကားဖြစ်သည်။ အဆိုပါ ကားတွင် ထူးထူးခြားခြားအဖြစ် ဒိုင်ဗင်စင်ပါ ရေကူးကန်တစ်ခုလည်း ပါဝင် တည်ဆောက်ထားကြောင်း သိရသည်။

အရှည်ဆုံးလမ်းစနစ်

ကမ္ဘာပေါ်၌ အရှည်ဆုံးလမ်းစနစ် တည်ရှိသော နိုင်ငံမှာ အမေရိကန်နိုင်ငံဖြစ်သည်။ ၂၀၀၄ ခုနှစ် လမ်းများ၏ အတိုင်းအတာ အလျားပမာဏမှာ လမ်းအရှည်စုစုပေါင်း ၆၄၀၇၆၃၇ ကီလိုမီတာ (၃၉၈၁၅၂၇ မိုင်)ရှိကြောင်း သိရသည်။ **(အပေါ်ပုံ)**တွင် လက်ယှက်ထိုး ရှုပ်ထွေးနေသည့် လော့စ်အိန်ဂျလိစ်မြို့ရှိ လမ်းများကို တွေ့ရစဉ်။

အနက်ဆုံးရေကူးကန်

ရေငုပ်သမားများအတွက် ရေအောက်စူးစမ်းရှာဖွေမှုလုပ်ငန်းများ အထောက်အကူပြုနိုင်ရန်အတွက် တည်ဆောက်ထားသည့် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆယ်မြို့မှ Nemo 33အမည်ရှိ ရေကူးကန်သည် ကမ္ဘာပေါ်တွင် အနက်ဆုံး ရေကူးကန်ဖြစ်သည်။ ရေအနက် ၃၃ မီတာ (၁၀၈ ပေ) ရှိပြီး ရေပမာဏ လီတာ နှစ်သန်းခွဲ (ဂါလန် ၅၅၀၀၀၀) ဆံ့သည်ဟု ဆိုသည်။ **(အပေါ်ပုံ)**

သဲကန္တာရအတွင်းမှ နှင်းလျှောစီးအပန်းဖြေစခန်း

သဲကန္တာရနိုင်ငံဖြစ်သော အပူပိုင်းဒေသရှိ ယူအေအီးနိုင်ငံတွင် ၁၂ ရာသီပတ်လုံး အေးခဲနေသည့် ၁၃၁၂ ပေရှည် ရေခဲပြင်နှင်းလျှောစီး အပန်းဖြေစခန်းတစ်ခုကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလက ဖွင့်လှစ်ခဲ့သည်။ အဆိုပါ Ski Dubai နှင်းလျှောစီး အပန်းဖြေစခန်းတွင် ဆီးနှင်းတန် ၆၀၀၀ကို တစ်နှစ်ပတ်လုံး ဖြည့်ဆည်းပေးထားသည်ဟု ဆိုသည်။ ဝဲပုံမှာ ဒေသခံတစ်ဦး နှင်းလျှောစီးနေပုံဖြစ်သည်။

တိုင်းမှူး ဗိုလ်မှူးချုပ် မြင့်စိုးနှင့် ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် ဖေဖော်ဝါရီ ၁၈ ရက် နံနက်ပိုင်းတွင် ရွှေဘိုမြို့နယ် စိုင်နိုင်ကြီးကျေးရွာ၌ ကျင်းပသော ရွာအဝင်တူးမြောင်းကူး သံကူကွန်ကရစ်တံတားနှစ်စင်းဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

တံတားအမှတ်(၁)ကို ငွေကျပ် သိန်း ၂၀ အကုန်အကျခံ၍လည်းကောင်း၊ တံတားအမှတ်(၂)ကို ငွေကျပ် ၁၄၇ သိန်း အကုန်အကျခံ၍လည်းကောင်း အလှူရှင်များနှင့် ဒေသခံပြည်သူများ၏ ပူးပေါင်းထည့်ဝင်ငွေများဖြင့် ဆောက်လုပ်ထားခြင်းဖြစ်သည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်သည် စိုင်နိုင်ကြီးကျေးရွာ အလယ်တန်းကျောင်းခွဲရှိ သရဖီကျောင်းဆောင် ဖွင့်ပွဲသို့ တက်ရောက်အားပေးပြီး **(ယာပုံ)** ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် အင်ကြင်းကျောင်းဆောင်သစ်အတွက် ငွေကျပ်ငါးသိန်းနှင့်ဘိလပ်မြေအိတ် ၅၀၊ ကျောင်းအတွက် ဗလာစာအုပ်များနှင့် အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ ကျောင်းဆောင်သစ်မှာ အလျားပေ ၈၀၊ အနံ ၂၄ ပေရှိ တစ်ထပ်အုတ်ညှပ်သွပ်မိုး အဆောက်အအုံဖြစ်ပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီး၏ လှူဒါန်းငွေကျပ် ခြောက်သိန်းနှင့် ဒေသခံပြည်သူများ၊ အလှူရှင်များ၏ ထည့်ဝင်ငွေများဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဝက်လက်မြို့နယ် မင်းကျီကျေးရွာ၌ ကျင်းပသော ကျေးလက်ဖွံ့ဖြိုးရေး အခြေစိုက်စခန်းဖွင့်ပွဲသို့ တက်ရောက် အမှာစကားပြောကြားပြီး ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံး၊ ဗလာစာအုပ်များ၊ အားကစားပစ္စည်းများနှင့် စာအုပ်၊ ဂျာနယ်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် မင်းကျီကျေးရွာ တိုက်နယ်ဆေးရုံကို ကြည့်ရှုစစ်ဆေး၍ ဆေးရုံအုတ်တံတိုင်းဆောက်လုပ်ရန် ငွေကျပ်ငါးသိန်းလှူဒါန်းပြီး ကျေးရွာ အထက်တန်းကျောင်းခွဲကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့်စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုးနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးတို့သည် ဝက်လက်မြို့နယ် လုတောကျေးရွာ စိုက်ပျိုးရေးစခန်းသို့ သွားရောက်ပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများအားတွေ့ဆုံ၍ တင်ပြချက်များအပေါ် ဖြည့်ဆည်းမှာကြားကြသည်။

ယင်းနောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့သည် ဝက်လက်မြို့ အော်တိုတယ်လီဖုန်း အိတ်ချိန်းစက်များ တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့သည် ဝက်လက်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကားပြောကြားကြပြီး ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။

ထိုမှတစ်ဆင့် တိုင်းမှူးနှင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးတို့သည် ဝက်လက်မြို့နယ် သရက်ကုန်းကျေးရွာ မူလတန်းကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက် အားပေးကြပြီး တိုင်းမှူးက ဗလာစာအုပ်များနှင့် အသင်းလုံချည်များကိုလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးက ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားပြစက်တစ်လုံး၊ အားကစားပစ္စည်းများနှင့် ဗလာစာအုပ်များကိုလည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

အဆိုပါ ကျောင်းဆောင်သစ်မှာ အလျား ၉၆ ပေ၊ အနံပေ ၃၀ ရှိ တစ်ထပ် သံကူကွန်ကရစ် သွပ်မိုးအဆောက်အအုံဖြစ်ကာ ရန်ကုန်မြို့နေ သရက်ကုန်းကျေးရွာ ဇာတိအလှူရှင် ဦးမြင့်ဌေး၊ ဒေါ်နီနီအောင် မိသားစုက ငွေကျပ်သိန်း ၂၆၀ အကုန်အကျခံ ဆောက်လုပ်လှူဒါန်းခြင်းဖြစ်ပြီး ဆက်လက်၍ အလျား ပေ ၁၅၀၊ အနံ ၃၀ ပေ၊ အမြင့်ပေ ၃၀ ရှိ နှစ်ထပ်သံကူကွန်ကရစ် သွပ်မိုးကျောင်းဆောင်သစ်ကို ငွေကျပ်သိန်း ၂၀၀၀ အကုန်အကျခံ လှူဒါန်း၍ဆောက်လုပ်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်တင်လှူ ပူဇော်ရန်အတွက် ရွာမအရှေ့ ဘိုကုန်းရပ်ကွက် အင်းစိန်မြို့နယ်နေ ပါမောက္ခသမားတော်ကြီး ဒေါက်တာ အောင်သန်းဘတူ-ဇနီး ဒေါက်တာခင်ခင်ထွေး၊ သား ဒေါက်တာ ထင်အောင်-ဒေါ်ခင်ဦးမြင့်၊ သမီး မခင်ကြေးမုံအောင်၊ ဒေါက်တာ ပြည်သက်ထွန်း၊ ဒေါက်တာ သီတာအောင်၊ သမီး မအိမွန်သက်ထွန်း မိသားစုတို့က ပုလဲပါ ရွှေ ၁၃ ပဲသားရှိ ကြယ်သီးငါးလုံးနှင့် အလှူငွေကျပ် တစ်သိန်းကို လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် (၁၀) ရပ်ကွက် အောင်မင်းခေါင်ဘုရားလမ်း ဓာတ်ပေါင်းစုံ အောင်မင်းခေါင် ဘုန်းကြီးကျောင်းတိုက်ရှိ ရှင်ဥပဂုတ္တမထေရ်မြတ်နှင့် ရှင်သီဝလိမထေရ်မြတ်တို့အား ရွှေချရန်အတွက် Dr. Steven Qung အား အမှူးထား၍ ချမ်းသာကြီး ရတနာဆိုင်မှ ဦးသူရနိုင်က အလှူငွေ ကျပ် ၁၃ သိန်းကို ဓာတ်ပေါင်းစုံကျောင်းတိုက် ဆရာတော် ဦးသီလဝံသထံ ရေစက်ချလှူဒါန်းရာ မြို့နယ်သာသနာရေးမှူး ဦးအောင်ကျော်မြင့် လက်ခံစဉ်။ (သတင်းစဉ်)

ကျူးကျော်ဆိုင်များနှင့် ကားပွဲစားတန်း ဖယ်ရှားပေးပါ

စာတည်းခင်ဗျား–

ရန်ကုန်တိုင်း အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက်၊ သာယာကုန်းလမ်းနှင့် အင်းစိန်ပန်းခြံအနီးတစ်ဝိုက်တွင် နေ့စဉ်နှင့်အမျှ တရားမဝင် ကားပွဲစားလုပ်ငန်းများနှင့် ကျူးကျော်ဆိုင်တန်းများ ဖွင့်လှစ်ရောင်းချလျက်ရှိပါသည်။ ထို့ပြင် လမ်းအတွင်း ဝယ်ရောင်းကားများ၊ ပွဲစားများနှင့် မူးယစ်သောက်စားသူများကြောင့် ခရီးသွားများ၊ ကျောင်းသား၊ ကျောင်းသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ ကျူးကျော်ဆိုင်များနှင့် တရားမဝင် ကားပွဲစားတန်းအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

သာယာကုန်းလမ်းသားများ

နှမ်းလှော်ဖိုမှ မီးခိုးနှင့် ညှော်နံ့ ကျန်းမာရေးထိခိုက်

စာတည်းရှင့်–

မကွေးမြို့ အောင်စေတနာရပ် (စီ) အုပ်စု (၁)လမ်းနှင့် (၂)လမ်းကြားတွင် နှမ်းလှော်ဖိုတစ်ခုရှိရာ မီးခိုးနံ့နှင့် ညှော်နံ့များကြောင့် ပတ်ဝန်းကျင်နေ ပြည်သူများ ကျန်းမာရေး ထိခိုက်နိုင်ပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ နှမ်းလှော်ဖိုအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မကွေးမြို့သူ

ကြေးမုံ The Mirror ပြည်သူ့ထံမှ ပေးစာ

လမ်းပေါ်မှ ကျူးကျော်အိမ်များ ဖယ်ရှားစေလို

စာတည်းခင်ဗျား–

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သွပ်ဝိုင်းကြီးရပ်ကွက်နှင့် (င/က) ရပ်ကွက်နှစ်ခုကြားတွင် ပေ ၃၀ ပတ်လမ်း ဖောက်လုပ်ထားပါသည်။

ယခုအခါ အဆိုပါလမ်းပေါ်တွင် လူနေအိမ်အချို့ တိုးချဲ့ဆောက်လုပ်နေထိုင်ကြပါသဖြင့် လမ်းများကျဉ်းမြောင်းလာပြီး အရေးကိစ္စရှိက ယာဉ်သွားလာရန်ပင် အခက်အခဲရှိပါသည်။ သို့ဖြစ်ပါ၍ အဆိုပါကျူးကျော်အိမ်များအား ရှင်းလင်းဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

ရပ်ကွက်သားများ

ကားဘော်ဒီထုရိုက်သံ နားမခံသာ

စာတည်းခင်ဗျား–

ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၁၁)ရပ်ကွက် သာယာအေးလမ်းတွင် မော်တော်ယာဉ် ပြုပြင်တပ်ဆင်၊ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်လျက်ရှိရာ ပျံ့လွင့်နေသော ဆေးမှုန်များ၊ သံညှော်နံ့များ၊ မီးစက်သံ၊ ဝရိန်ကျောက်စက်သံ၊ ဘော်ဒီထုရိုက်သံများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါ လုပ်ငန်းအား ဖယ်ရှား အရေးယူဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

နားမခံနိုင်သူများ

စည်းကမ်းမဲ့ ဆိုင်ကယ်မောင်းနှင်မှု ကြပ်မတ်ပေးပါ

စာတည်းရှင့်–

မွန်ပြည်နယ် မော်လမြိုင်မြို့ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာအနှံ့ လိုင်စင်မဲ့ ဆိုင်ကယ်များ စည်းကမ်းမဲ့ မောင်းနှင်နေကြပါသည်။

ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

မော်လမြိုင်သူ

ရပ်ကွက်အတွင်းမှ သစ်ခွဲစက်သံ ဆူညံ

စာတည်းခင်ဗျား–

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် အေးမြကြည်လင်အုပ်စု တံစိုးဂိတ်ရပ်တွင်ရှိ သစ်ဂိုဒေါင်နှင့် သစ်များခွဲစိတ်လုပ်ကိုင်လျက်ရှိရာ သစ်ခွဲစက်သံ၊ ခွဲပြီး သစ်နှင့်သစ်လုံးများတင်ချသံများကြောင့် ပတ်ဝန်းကျင်တွင် နေထိုင်သူများ စိတ်အနှောင့်အယှက် ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ ရပ်ကွက်အတွင်းမှ အဆိုပါ သစ်ခွဲစက်များကို လိုအပ်သလို ဆောင်ရွက်ပေးပါရန်တင်ပြအပ်ပါသည်။

တံစိုးဂိတ်ရပ်သား

ချွေးလေ ချွေးလွင့်များ ရှင်းလင်းပေးပါ

စာတည်းခင်ဗျား–

မိတ္ထီလာမြို့ ဈေးပတ်ဝန်းကျင်နှင့် ရပ်ကွက်ကြီးတွင် ခွေးလေ ခွေးလွင့်များရှိပါသဖြင့် လမ်းသွားလမ်းလာများ မကြာခဏ ခွေးကိုက်ခံကြရပါသည်။ သို့ဖြစ်ပါ၍ ခွေးလေခွေးလွင့်များအား ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။

ထီလာသား

ပြည်သူ့ထံမှပေးစာပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာကဏ္ဍသို့ ပေးပို့လိုပါက ပေးသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း(မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူ ပေးပို့နိုင်ပါသည်။

သစ်လုံးသစ်ဆွဲလှည်းများ ရှင်းလင်းပြီး

၂၇-၁၀-၂၀၀၇ နေ့ထုတ် ကြေးမုံသတင်းစာပါ ရေစကြိုမြို့နယ် အမှတ်(၁) နယ်မြေ ကမ်းနားလမ်းထိပ်မှ **သစ်လုံးသစ်ဆွဲလှည်းများ ရှင်းလင်းစေချင်** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းပြီးဖြစ်ကြောင်းဖော်ပြအပ်ပါသည်။

မြို့နယ်သစ်တောဦးစီး

ကြက်ချေးနံ့နံ ကြက်ခြံ ရှင်းလင်းပြီးစီး

၁၅-၁၂-၂၀၀၇ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ ကျောက်တန်းမြို့ စံချိန်မီ(၁)ရပ်ကွက်၊ စိတ္တသုခလမ်းမှ **ကြက်ချေးနံ့ နံသည့်ကြက်ခြံ ရှင်းလင်းပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

သောက်သုံးရေကန်အနီးမှအိမ်သာ ဖယ်ရှားပြီးစီး

၁၂-၁-၂၀၀၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ လှည်းကူးမြို့နယ် ရှမ်းတဲကြီးအထက်ကျေးရွာ **သောက်သုံးရေကန်အနီးမှ အိမ်သာဖယ်ရှားပေးပါ** ပေးစာနှင့်စပ်လျဉ်း၍ ဖယ်ရှားဆောင်ရွက်ပြီးဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

မြို့နယ်စည်ပင်

ပြည်သူ့သဘောထား

☆ တည်ငြိမ်မှုကို လိုလားသည်

☆ အေးချမ်းမှုကို လိုလားသည်

☆ ဆူပူအကြမ်းဖက်မှုကို မလိုလား

စက်မှုဇုန်များ ကုန်ထုတ်စွမ်းအား ပိုမိုမြင့်မားရေး မျက်ခြည်မပြတ် ပံ့ပိုးပေးလျက်ရှိ

စက်မှုဇုန်များ ပိုမိုဖွံ့ဖြိုးတိုးတက်မှု တစ်ဦးချင်းဝင်ငွေတိုးတက်ပြီး နိုင်ငံစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်မည်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၃

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ အဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များ၊ တာဝန်ရှိသူများအား တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်ဆွေ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်တိုင်းအတွင်းရှိ စက်မှုဇုန်များမှ စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်းသည် အဓိကကျရုံမက စက်မှုလုပ်ငန်း အနေဖြင့် အမြင့်မားဆုံးရှိခဲ့ကြောင်း၊ တာဝန်ရှိသူအဆင့်ဆင့်ကလည်း စက်မှုဇုန်များ၏ ကုန်ထုတ်စွမ်းအား **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❍

ကြေးမုံ The Mirror

ယနေ့ သတင်း၊ ဆောင်းပါး အညွှန်း

အမေရိကန်၏ ဒုံးခွင်းဒုံးစနစ်ချထားရေးကိစ္စ ရုရှား သတိပေး၊ ဗင်နီဇွဲလား၌ လေယာဉ်ပျက်ကျ၍ ၄၆ ဦးသေဆုံး အပါအဝင် နိုင်ငံတကာသတင်းများ — စာမျက်နှာ– ၄၊၅

ရှားပါးရှေးဟောင်း စာအုပ်၊ စာပေပြပွဲ (သတင်းဆောင်းပါး) — စာမျက်နှာ– ၈

ကမ္ဘာတစ်လွှား ထူးထူးခြားခြား မှတ်တမ်းများ — စာမျက်နှာ– ၉

☆ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင်လုပ်နေသည်

☆ **BBC** ညာနေသည်

VOA လိမ်နေသည်

RFA ရန်တိုက်ပေးနေသည်

☆ အဲဒီ ဝေသာလီပုဏ္ဏား(ကုန်းချောသွေးထိုးသူ)များ မယုံလေနဲ့ သတိထား